| |
|---|
| **မြတ်ဗုဒ္ဓ၏အဆုံးအမတရား** |
| အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။ **ဓမ္မပဒ** |


# မြဝတီ နေ့စဉ်

**အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်**


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၈၈)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဖွင့်ပွဲကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)တွင်ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက **စာမျက်နှာ ၆ ကော်လံ ၁ ⇨**

**ဆောင်းပါး**

**(၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်မှ မြန်မာနိုင်ငံသို့ ယူဆောင်လာမည့် စီးပွားရေး အကျိုးကျေးဇူးများ**

စာ - ၁၁ သို့

**တောင်သူဝင်ငွေ တိုးပွားဖို့ ပျားမွေးမြူရေး အားပေးစို့**

စာ - ၂၅ သို့

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၁၄-၇-၂၀၂၅

| | | | |
|---|---|---|---|
| မိုးကောင်း ၄ ဒသမ ၄၁ လက်မ | မိုင်းယန်း ၂ ဒသမ ၂၈ လက်မ | မိုင်းဖြတ် ၁ ဒသမ ၁၅ လက်မ | ကျိုက်မရော ၁ ဒသမ ၁၀ လက်မ |
| မြစ်ကြီးနား ၃ ဒသမ ၇၈ လက်မ | မိုင်းခတ် ၁ ဒသမ ၂၆ လက်မ | ကလေးဝ ၁ ဒသမ ၁၀ လက်မ | ပူတာအို ၁ ဒသမ ၀၆ လက်မ |
| | တာချီလိတ် ၁ ဒသမ ၂၄ လက်မ | ဟားခါး ၁ ဒသမ ၁၀ လက်မ | လားရှိုး ၁ ဒသမ ၀၂ လက်မ |




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၅ ရက်)

# အပူပိုင်းဒေသ(၁၃)ခရိုင်စိမ်းလန်းစိုပြည်ရေး

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ မိုးခေါင်ရေရှားမှုနှင့်ပြင်းထန်သည့်အပူချိန်မြင့်တက်မှုများကို အဓိကရင်ဆိုင်ကြုံတွေ့နေရသည့်ဒေသများရှိသည်။ ထိုဒေသများတွင် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကိုဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆိုပါဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ပြီး ယင်းဒေသများသည် အပူဒဏ်ကိုအများဆုံးထိတွေ့ခံစားရသည့်ဒေသများဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်ရေရှားမှုတို့ကို သဘာဝအခြေပြုဖြေရှင်းနည်းမှာ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ လေကာတန်းများစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သောစိုက်ပျိုးနည်းစနစ်များကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များစနစ်တကျစီမံခြင်း စသည့်နည်းလမ်းများဖြင့်ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်သည့်အနေဖြင့် အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်းရှိ မြို့နယ်(၂၉)မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးပွဲတော်များကို ဇူလိုင်လ ၁၁ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့ရှိ သတ်မှတ်နေရာများ၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပပြုလုပ်ခဲ့ကြသည်။ အညာဒေသအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို နိုင်ငံတော်အဆင့်ဆောင်ရွက်သည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ထိုသို့သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ မိတ္ထီလာဒေသအပါအဝင် အညာဒေသ(၁၃)ခရိုင်သည် ပူပြင်းသည့်ရာသီဥတုရှိသည့်ဒေသများဖြစ်ပြီး နှစ်စဉ်နှစ်တိုင်းရာသီဥတုပူပြင်းသည့်ဒဏ်ကိုခံစားကြရသည်။ ရာသီဥတုပူပြင်းချိန်တွင် လူများ၏နေထိုင်မှုဒုက္ခရောက်ကြရသည်။ ထို့ကြောင့် ရာသီဥတုပူပြင်းမှုကို တစ်ဖက်တစ်လမ်းမှလျှော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးခြင်းမှာ နည်းလမ်းတစ်ခုအနေဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၁ ရက်က အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပရခြင်းနှင့်ပတ်သက်၍ **"သဘာဝဘေးအန္တရာယ်ဆိုသည်မှာ တားဆီး၍ မရသော်လည်း လူများ၏ကြိုတင်ကာကွယ်ဖန်တီးမှုများဖြင့် သက်သာလျော့ပါးအောင်ဆောင်ရွက်၍ ရကြောင်း၊ ယခုမိမိတို့သစ်ပင်စိုက်ပျိုးခြင်းကြောင့် အပူချိန်မှာ ချက်ချင်းလက်ငင်းလျော့ပါးသွားမည်မဟုတ်လည်း သစ်ရိပ်ဝါးရိပ်များ၏အရိပ်အာဝါသရှိမည်ဆိုပါက အပူဒဏ်ကိုတတ်နိုင်သမျှလျော့ပါးစေမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့်မြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကိုဖြစ်ပေါ်စေပြီး လူများ၏စိတ်နှလုံးကိုလည်း အေးမြစေသည့်အကျိုးကျေးဇူးတို့ရရှိစေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတစ်ဝန်းသစ်ပင်စိုက်ပျိုးပွဲတော်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး သစ်ပင်များစိုက်ပျိုးလျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း စဉ်ဆက်မပြတ်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက်အကျိုးရှိသည့်လုပ်ငန်းတစ်ရပ်ပင်ဖြစ်ကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

အပူပိုင်းဒေသ(၁၃)ခရိုင်၊ မြို့နယ် (၂၉)မြို့နယ်အတွင်း၌ ဇူလိုင်လ ၁၁ ရက်ကပျိုးပင်ပေါင်း ၃၄၉၅၀ ပင် စိုက်ပျိုးပေးခဲ့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ ယခုနေရာများမှာ ယခင်ကတည်းက စိုက်ပျိုးခဲ့သည့်နေရာများဖြစ်သည်။ သို့သော် ရှင်သန်မှုများအားနည်းခြင်း၊ ဒေသလိုအပ်ချက်အရ သစ်ပင်များတရားမဝင်ခုတ်ထွင်ခြင်းများကြောင့် ထိုက်သင့်သလောက်အကျိုးမရရှိခဲ့ပေ။ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများကျင်းပခြင်းကြောင့် အချိန်၊ လူအင်အားနှင့်ငွေကြေးကုန်ကျမှုများရှိသည့်အတွက် တစ်ပင်စိုက်၊ တစ်ပင်ရှင်ဖြစ်အောင် စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြရမည်ဖြစ်သည်။ စိုက်ပျိုးသည့်အပင်အားလုံးရှင်သန်စေရန်အတွက် တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများကစေတနာထား၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းမှာ ကုသိုလ်တိုးပွားခြင်းဖြစ်၍ ထာဝရကုသိုလ်အဖြစ် တည်ရှိနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ၅၀ ရာခိုင်နှုန်းပြန်လည်ရရှိစေရေးသစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပ၍ ဆောင်ရွက်လျက်ရှိသည်။ သစ်ပင်စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးများကို လက်ငင်းခံစား၍ မရနိုင်သော်လည်း နောင် ၇ နှစ် ၈ နှစ်ခန့်တွင် ခံစားရမည်ဖြစ်သည်။ လက်ရှိလူသားတို့အနေဖြင့် ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏အရိပ်အာဝါသကို ခံစားရခြင်းဖြစ်သည်။ မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် စိုက်ပျိုးနေခြင်းဖြစ်သည်။ သစ်တောသစ်ပင်များထိန်းသိမ်းဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့်ဆောင်ရွက်ချက်ပင်ဖြစ်သည်။ နောင်လာနောက်သားများအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင်ခံစားနိုင်အောင် အမွေခံကောင်းများကို ဆောင်ရွက်ပေးခြင်းဖြစ်၍ အပူပိုင်းဒေသ(၁၃)ခရိုင်သည် မကြာမီကာလတွင် စိမ်းလန်းစိုပြည်သာယာလှပ၍ စိတ်ကြည်နူးဖွယ်ကောင်းသည့်သဘာဝပတ်ဝန်းကျင်တစ်ခုဖြစ်လာတော့မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# လှိုင်းဘွဲ့မြို့နယ်၌ မိုးစပါး ၃၅၅၃ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

လှိုင်းဘွဲ့ ဇူလိုင် ၁၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ၂၀၂၅ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၃၅၅၃ ဧကစိုက်ပျိုးသွားနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ပညာပေးစည်းရုံးခြင်း၊ မိုးစပါးအထွက်တိုးနိုင်စေမည့် စိုက်ပျိုးရေးနည်းစနစ်များကို လက်တွေ့ပါဝင်ကူညီ စိုက်ပျိုးပြသပေးခြင်းလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးရန် လျာထားချက်ထားရှိသည့်ဧကများမှာ အောင်နိုင်တိုးမျိုးသန့်စံပြစိုက်ကွက် တစ်ကွင်းတစ်ဆက်တည်းဧက ၅၀၊ တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဧက ၂၀၀ ကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးစေ့ထုတ်ဧက ၄၂၅ ဧက၊ မိုးစပါးအထွက်နှုန်းတိုးတက်စေရေး စံပြစိုက်ကွက်ဧက ၁၀၀ ကို စိုက်ပျိုးသွားကြမည်ဖြစ်သည်။ ထို့ပြင် တောင်ကုန်းတောင်တန်းများတွင် နေထိုင်ကြသည့် တောင်သူများကလည်း တောင်ယာစပါး ၂၇၇၈ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့မှလည်း တောင်သူများအနေဖြင့် မိုးစပါးမစိုက်ပျိုးမီ မြေဆီလွှာအာဟာရ ထက်သန်စေရန်လယ်မြေဧက ၆၀၀ အတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မျိုးစေ့တင်း ၁၅၀ ကို အခမဲ့ဖြန့်ဝေပေးပြီး မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက မိုးစပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စေရေးအတွက် မြေဆီလွှာပြုပြင်ခြင်းလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ ဒေသရေမြေနှင့်ကိုက်ညီသောအထွက်ကောင်းမျိုးစပါးများ တိုးချဲ့စိုက်ပျိုးရေး၊ စူပါဘိုကာရှီသဘာဝမြေဩဇာပြုလုပ်နည်းအဆင့်ဆင့်တို့ကို လက်တွေ့ပြုလုပ်ပြသခြင်းလုပ်ငန်းများကို ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နန်းဝတ်ရည်စမ်းထံမှသိရသည်။

(၄၀၆)

# မုဒုံမြို့၌ မိုးရာသီကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

မုဒုံ ဇူလိုင် ၁၄

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အားကစားနှင့်ကာယပညာကော်မတီ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် မိုးရာသီကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဇူလိုင်လ ၁၃ ရက်တွင် မြို့နယ်အားကစားပြိုင်ဝင်းအတွင်းရှိ မီတာ ၄၀၀ ဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ရွှေပန်းထိမ်(မုဒုံ)အသင်းနှင့် ဒိုးကလေး(ပေါင်)အသင်းတို့က ယှဉ်ပြိုင်ကြရာ ဒိုးကလေး(ပေါင်)အသင်းက ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးကစားသမားဆု၊ အသင်းလိုက်တစ်ဦးချင်းဆု၊ ငွေသားဆုနှင့်တံခွန်စိုက်ဒိုင်းဆုများကိုတာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစားနည်းအဆင့်အတန်းတိုးတက်မြင့်မားစေရန်နှင့် မြို့နယ်၊ ပြည်နယ်ပြိုင်ပွဲများမှ နိုင်ငံ့လက်ရွေးစင်ဘောလုံးအားကစားသမားကောင်းများပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၂၅ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၈။ | ၁၄:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၉။ | ၁၅:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၀။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၁၀:၀၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၁။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ချစ်တယ်ဆိုတာလွယ်မှတ်လို့ (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်-စိုးသူ၊ စိုးမြတ်သူဇာ ဒါရိုက်တာ-မောင်နန္ဒ** |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် | | | |
| ၆။ | ၁၂:၀၀ | ကျန်းမာသုတ | | | |
| ၇။ | ၁၃:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် | | | |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။


**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုနှစ်တွင် ဥရောပဈေးကွက်သို့ ကော်ဖီဆန်အစိမ်း ၆၈ တန် တင်ပို့ထားပြီးဖြစ်



ဟိုပုံး ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများနှင့် စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းအနေဖြင့် ယခုနှစ်တွင် ဥရောပဈေးကွက်သို့ ကော်ဖီဆန်အစိမ်း ၆၈ တန် တင်ပို့ထားပြီးဖြစ်ကြောင်း ဟိုပုံးမြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။

Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းအနေဖြင့် ကော်ဖီဆန်အစိမ်းများကို နှစ်စဉ် ဥရောပဈေးကွက်သို့ တင်ပို့လျက်ရှိရာ ၂၀၂၄ ခုနှစ်က စုစုပေါင်းကော်ဖီဆန်အစိမ်း တန်ချိန် ၁၅၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဖွန်လမှစ၍ တင်ပို့နေပြီဖြစ်ကာ ပြီးခဲ့သည့်နှစ်ကထက် ပိုမိုတင်ပို့နိုင်စေရန် ရည်မှန်းထားကြောင်း သိရသည်။

"Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းအနေနဲ့ ၂၀၁၉ ခုနှစ်ကစပြီး ဥရောပဈေးကွက်ကို ကော်ဖီဆန်တွေ စတင်တင်ပို့ခဲ့တာ လက်ရှိအချိန်ထိ တင်ပို့နေဆဲဖြစ်ပါတယ်။ အဓိကအားဖြင့် ဘယ်လ်ဂျီယံနိုင်ငံနဲ့ ပြင်သစ်နိုင်ငံတို့ကို တင်ပို့ပါတယ်။ ၂၀၂၄ ခုနှစ်မှာတော့ စုစုပေါင်း ကော်ဖီဆန်အစိမ်း ၁၅၃ ဒသမ ၃ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ဒီနှစ်မှာဆိုရင် ဖွန်လမှာ ၃၄ တန်နဲ့ ဇူလိုင်လမှာ ၃၄ တန် စုစုပေါင်း ၆၈ တန် တင်ပို့ထားပြီးဖြစ်ပါတယ်"ဟု ဟိုပုံးမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့တင်ပို့ရာတွင် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းဝင်များအား ပို့ကုန်၊ သွင်းကုန်လိုင်စင် လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းကိစ္စရပ်များကို ကူညီဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာရေးအစီရင်ခံစာများကိုလည်း သမဝါယမဦးစီးဌာနမှ နှစ်စဉ် စစ်ဆေးအတည်ပြုပေးလျက်ရှိသည်။

ထို့ပြင် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ထုတ်လုပ်သောကော်ဖီများကို ပြည်ပဈေးကွက်သို့ ရေရှည်တင်ပို့နိုင်ရေးအတွက်လည်း ကော်ဖီစိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်၊ အရိပ်ရအပင်များ စနစ်တကျစိုက်ပျိုးရန်၊ အပင်များကို ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခူးဆွတ်သောအခါ ရင့်မှည့်သောအသီးများကို ရွေးချယ်ခူးဆွတ်ရန် သက်ဆိုင်ရာမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်



ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၁၄ ရက်တွင် ဆုတောင်းပြည့်မယ်လမုစေတီ သာသနာ့ဗိမာန်သုံးထပ်ဆောင်၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လောဟာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ဝေမာခင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာများက အီလက်ထရွန်နစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရွန်နစ်မဲပေးစက်များစစ်ဆေးခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ မဲရုံတွင် မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ မဲပေးချိန်တွင် မဲပေးစက်များ ကိုင်တွယ်ခြင်း၊ အရန်စက်လဲလှယ်ရန်အခြေအနေ၊ မဲရေတွက်ခြင်း၊ မဲပေးနေစဉ်အတွင်း အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆန္ဒမဲဖြတ်ပိုင်းများ ရေတွက်ရမည့်အခြေအနေ စသည့်အကြောင်းအရာများကို စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချမည်ဖြစ်သည်။

ယင်းသင်တန်းများကို ဇူလိုင်လ ၁၄ ရက်မှ ဩဂုတ်လ ၆ ရက်အထိ သင်တန်းအမှတ်စဉ် တစ်ကြိမ်လျှင် သင်တန်းသား ၁၁၂ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို အမှတ်စဉ်အလိုက် နှစ်ရက်သင်တန်း ပို့ချပေးမည်ဖြစ်ကြောင်း၊ စုစုပေါင်း သင်တန်းအမှတ်စဉ် ခုနစ်ကြိမ် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်အတွင်း သက်မွေးကာလတိုသင်တန်း ခြောက်ကြိမ် ဖွင့်လှစ်မည်

စစ်ကိုင်း ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ယခုဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းခြောက်ကြိမ် အခမဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လွင်မာအောင်၏ပြောပြချက်အရ သိရသည်။

ထိုသို့ဖွင့်လှစ်ပို့ချမည့် ကာလတိုသင်တန်းများတွင် လူသုံးကုန်ထုတ်လုပ်မှုသင်တန်း၊ မုန့်ဖုတ်သင်တန်း၊ စက်ချုပ်သင်တန်းနှင့် ယို၊ ဖျော်ရည်၊ ဝိုင် ပြုလုပ်နည်းသင်တန်းတို့ပါဝင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန်နှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

"စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေနဲ့ ဒီဘဏ္ဍာနှစ်မှာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းခြောက်ကြိမ် အခမဲ့ဖွင့်လှစ်ဖို့ လျာထားပါတယ်။ အဲဒီသင်တန်းခြောက်ကြိမ်မှာ လူသုံးကုန်ထုတ်လုပ်မှုသင်တန်း နှစ်ကြိမ်၊ မုန့်ဖုတ်သင်တန်း နှစ်ကြိမ်၊ စက်ချုပ်သင်တန်း တစ်ကြိမ်နဲ့ ယို၊ ဖျော်ရည်၊ ဝိုင် ပြုလုပ်နည်းသင်တန်း တစ်ကြိမ်တို့ ပါဝင်ပါတယ်။ အဲဒီသင်တန်းတွေကို ဒေသခံတွေရဲ့ တောင်းဆိုမှုအပေါ်မူတည်ပြီး သင်တန်းဖွင့်လှစ်မယ့်အချိန်နဲ့ နေရာဒေသကို ရွေးချယ်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ဒေါ်လွင်မာအောင်ကပြောသည်။

ယင်းသင်တန်းများဖွင့်လှစ်ရာတွင် သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး လက်ခံမည်ဖြစ်ပြီး သင်တန်းခြောက်ကြိမ်တွင် စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၁၂၀ ဦးကို လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လူသုံးကုန်ထုတ်လုပ်မှုသင်တန်း နှစ်ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းများကို ဘဏ္ဍာနှစ်အလိုက် ဖွင့်လှစ်ပေးလျက်ရှိရာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကလည်း ကာလတိုသင်တန်းရှစ်ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၆၀ ဦးကို လက်ခံသင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဖခင်သည် ညှိုးငယ်သောစိတ်ရှိရာမှ ခြေထောက်များ အနည်းငယ် ရောင်ဖောလာခြင်းကိုတွေ့ရ၍ (ထိုစဉ်ကတည်းက ကျွန်ုပ် စတင်လေ့ကျင့်လျက်ရှိသော) နေ့စဉ် ဝမ်းချုသောအလုပ်ကို တိုက်တွန်းပြီး သင်ပြပေး၏။ ဖခင်သက်သာလာခြင်းကိုတွေ့ရ၍ ဝမ်းသာမိပါသေးသည်။ သို့ရှိနေစဉ် ကျွန်ုပ်၏ညီသည် မိုးကုတ်မှ ဆားများဝယ်ရန် ဆင်းလာ၍ ဖခင်သည် သူ၏အချစ်ဆုံးဖြစ်ပုံရသောသားငယ်ကို တွေ့မြင်ရ၍ (မိခင်မူကား ကျွန်ုပ်အား အချစ်ဆုံးဖြစ်သည်ထင်၏။) တစ်နေ့တခြား စားကောင်းသောက်ကောင်းဖြစ်လာ၏။ ဂျပန်ခေတ်၌ ဝက်လက်မှ လူများသည် မန်ကျည်းတုံရွာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသဖြင့် ကျွန်ုပ်တို့၏အိမ်ရှေ့မှာ ဈေးတန်းကြီးဖြစ်နေ၏။ ဖခင်သည် နံနက်စောစော အိမ်ရှေ့သို့ထွက်၍ ဈေးတန်းကြီးကို လျှောက်ကြည့်လေရာ မုန့်သည်၊ အကြော်သည်များသည် နာလန်ထူလာသောအဘိုးကြီးဆို၍ စေတနာ ထက်သန်စွာ ကျွေးမွေးကြ၏။ သို့ဖြစ်၍ ထိုနံနက်၌ ဖခင်သည် မုန့်ပေါင်းနှစ်ခု၊ ဘူးသီးငါးပေါင်းကြော်နှစ်ခု၊ မုန့်ဆီကြော်နှစ်ခုမျှစားခဲ့သည်ဆို၏။ ကျွန်ုပ်၏ဖခင်သည် ဘာကိုစားသည်ဖြစ်စေ အစာမကြေဖူးသည်မရှိသလောက် 'ပါစကတေဇော' ကောင်းသူတစ်ယောက်ဖြစ်ပါလျက် (ကျွန်ုပ်လည်း ဖခင်ထံမှ ဤအမွေကိုဆက်ခံရသည်။) နာလန်ထူခါစတွင် ဤမျှလောက် မြောက်မြားစွာစားမိ၍ အစာမကြေနိုင်သောကြောင့်ထင်၊ ရင်ပြည့်ပြီး ရောဂါပြန်၍ဖြစ်ရှာလေသည်။ ညီတော်မောင်မှာမူ ထိုနေ့တွင် မိုးကုတ်သို့ပြန်သွားသဖြင့် ဖခင်အကြောင်းကို သိမသွားချေ။

**ဖခင်၏ နောက်ဆုံးအချိန်**

ထို့နောက် ၁၀ ရက်ခန့်ကြာသောအခါ တစ်ညဉ့်၌ ကျွန်ုပ်သည် ဖခင်ကို စိတ်မချသည်နှင့် သူ၏ခုတင်အနီးတွင် ကျွန်ုပ်တို့လင်မယား စောင့်၍ အိပ်ကြ၏။ အိပ်ချိန်တန်သောအခါ ကျွန်ုပ်သည် ဖခင်၏အခြေအနေကို စိုးရိမ်သည်နှင့် ထိုညအဖို့ မအိပ်ဘဲ စာဖတ်၍စောင့်မည်ဟု မီးအိမ်ကို ကျွန်ုပ်၏ခေါင်းရင်းသို့ယူထား၍ မစိုးအား အိပ်ချင်အိပ်တော့ဟုပြောပြီး ကျွန်ုပ်စာဖတ်လျက်ရှိစဉ် ဖခင်က ''ငါက မီးခွက်ထွန်းထားရင် မအိပ်တတ်ဘူးကွယ်၊ ငါအိပ်ချင်ပြီ၊ မီးခွက်ကို ငြိမ်းလိုက်ပါတော့''ဟု ပြော၏။ ကျွန်ုပ်သည် မီးခွက်ကို ငြိမ်းလိုက်ရသောအခါ ဖခင်ကို တစ်ညလုံးစောင့်ဖို့ စိတ်ကူးထားသော်လည်း စာမဖတ်ရသည်နှင့် လှစ်ခနဲ အိပ်ပျော်သွားတော့သည်။ မည်မျှလောက်ကြာသည်မသိ။ ကျွန်ုပ်၏နားထဲ၌ တချောက်ချောက်အသံကြား၍ နိုးလာပြီး မီးခွက်ထွန်းကြည့်လိုက်သောအခါ ယနေ့တိုင် ဝမ်းနည်း၍မဆုံးသောအခြင်းအရာကို တွေ့ရလေ၏။ ဖခင်သည် ခုတင်ပေါ်မှလိမ့်ကျပြီး သူ၏သံသေတ္တာအနီးတွင် စောင်းလျက်ကလေးဖြစ်နေရှာလေရာ ကျွန်ုပ်တို့အားခေါ်၍ မနိုးနိုင်သည့်အတွက် သံသေတ္တာ၌ပတ်ထားသောသံကြိုးကို လက်ဖြင့်ဆွဲကာ ဆွဲကာလှုပ်၍ နှိုးရှာခြင်းဖြစ်ဟန်တူပေသည်။ ကျွန်ုပ်တို့လင်မယားသည် ဖခင်ကို ခုတင်ပေါ်သို့ပွေ့တင်၍ အိမ်နီးနားချင်းဦးလေးနှင့် အိမ်သားများကို ခေါ်ယူလိုက်သောအခါ ဖခင်မှာ စကားပြောနိုင်သောအခြေအနေ မရှိတော့ချေ။ ကျွန်ုပ်က သူ၏လက်ကိုကိုင်လိုက်သောအခါ ဖခင်သည် ကျွန်ုပ်၏လက်ကို တင်းကျပ်စွာ ကိုင်ဆွဲထား၏။ ကျွန်ုပ်ကို အားကိုးရှာသည်ဆိုသော အဓိပ္ပာယ်မျိုးကို ကျွန်ုပ်ကောက်ယူ၏။ ဤအမူအရာသည် ကျွန်ုပ်စိတ်တိုင်းကျသော အမူအရာမျိုးမဟုတ်ချေ။ ကျွန်ုပ်၏မိခင်သည် ဤကဲ့သို့ ပြုလိမ့်မည်မဟုတ်ဟု ကျွန်ုပ်နားလည်၏။ ကျွန်ုပ်၏ဖခင်သည် ကျွန်ုပ်တွေ့ဖူးသမျှသောပုဂ္ဂိုလ်များအနက်တွင် သီလအစင်ကြယ်ဆုံးတစ်ယောက်ဖြစ်ရုံသာမက ဓမ္မကထိကတစ်ယောက်လည်းဖြစ်၏။ သို့နှင့်လည်း နှလုံးသွင်းတရားတစ်ခုခု လက်ကိုင်ပြုစရာမရှိခဲ့လျှင် သေခြင်းနှင့်ရင်ဆိုင်ရသည့်အခါ အားကိုးရာမဲ့ဖြစ်ရတတ်ချေသည်တကားဟု ထပ်လောင်းစဉ်းစားမိပါသေးသည်။ ဤကဲ့သို့ အားကိုးစရာရှာတတ်သောဖခင်သည် ခုတင်ပေါ်မှလိမ့်ကျပြီး သံသေတ္တာကို လှုပ်ကာ ကျွန်ုပ်တို့အား ခေါ်နေရှာသောအခိုက်တွင် ဘယ်မျှလောက်စိတ်ဆင်းရဲရှာလေမည်နည်းဟု ယခုစဉ်းစားလိုက်လျှင် ယခုပင် မျက်ရည်ဝဲလျက်ရှိပါသည်။

"ကျွန်ုပ်သည် ချစ်ခင်ရင်းနှီးသူများ ဇီဝိန်ချုပ်ခြင်းကို မြင်ရသည်မှာ ဤတစ်ကြိမ်သည် ပထမအကြိမ်ဖြစ်၏။ ဤအဖြစ်ကို တခြားလူများက ဘယ်ကဲ့သို့ထင်ကြသည်မဆိုနိုင်။ ကျွန်ုပ်မူကား ကံကောင်းခြင်းတစ်ခုဖြစ်သည်ဟု ယူဆ၏။ လူတစ်ဖက်သား သေဆုံးခြင်းကိုမြင်ရသည့်အခါ (တရားသဘောကို ဆင်ခြင်ဖို့ သတိရသောပုဂ္ဂိုလ်များမှတစ်ပါး) နှလုံးမသာယာခြင်းဖြစ်သောကြောင့် အနိဋ္ဌာရုံတစ်ခုဟု ကျွန်ုပ်ယူဆ၏ . . ."

ကျွန်ုပ်သည် ဖခင်ထက် မိခင်ကို ပို၍ချစ်ခင်သည်မှန်သော်လည်း မိခင်၏စိတ်ဓာတ်ကို သိပြီးဖြစ်သောကြောင့် အလားတူအဖြစ်မျိုးတွင် မိခင်အတွက် ဖခင်ကဲ့သို့ ရင်ထုမနာဖြစ်လိမ့်မည်မဟုတ်ချေ။ မိခင်မူကား ခုတင်ပေါ်မှလိမ့်ကျလျှင် ကျွန်ုပ်တို့ကို ခေါ်နေမည်မဟုတ်။ သူ့အာရုံနှင့်သူ နေလိုက်လိမ့်မည်ဖြစ်လေသည်။ ခုတင်ပေါ်သို့ ပွေ့တင်လိုက်၍ ၁၀ မိနစ်ခန့်အတွင်း ဖခင်သည် ဇီဝိန်ချုပ်သွားလေ၏။

**ကံကောင်းခြင်းတစ်ရပ်**

ကျွန်ုပ်သည် ချစ်ခင်ရင်းနှီးသူများ ဇီဝိန်ချုပ်ခြင်းကို မြင်ရသည်မှာ ဤတစ်ကြိမ်သည် ပထမအကြိမ်ဖြစ်၏။ ဤအဖြစ်ကို တခြားလူများက ဘယ်ကဲ့သို့ထင်ကြသည်မဆိုနိုင်။ ကျွန်ုပ်မူကား ကံကောင်းခြင်းတစ်ခုဖြစ်သည်ဟု ယူဆ၏။ လူတစ်ဖက်သား သေဆုံးခြင်းကို မြင်ရသည့်အခါ (တရားသဘောကိုဆင်ခြင်ဖို့ သတိရသော ပုဂ္ဂိုလ်များမှတစ်ပါး) နှလုံးမသာယာခြင်းဖြစ်သောကြောင့် အနိဋ္ဌာရုံတစ်ခုဟု ကျွန်ုပ်ယူဆ၏။ အနိဋ္ဌာရုံနှင့် တွေ့ကြုံရခြင်းသည် အကုသိုလ်ကံ၏အကျိုးဆက်ဖြစ်သည်ဟု စာက ဆိုထား၏။ မည်သို့ပင်ဖြစ်စေ ချစ်ခင်သော ပုဂ္ဂိုလ်မျိုး အသက်ငင်နေသည့်အခါ ကျွန်ုပ်သည် မျက်နှာလွှဲသွားမည့် အမျိုးအစားထဲက မဟုတ်သော်လည်း မကြုံရခြင်းသည် ကံကောင်းခြင်းဖြစ်သည်ဟု ကျွန်ုပ်ယူဆသည်။ ကျွန်ုပ်၌ ဟေးလား ဝါးလားမိတ်ဆွေမျိုးနည်းသော်လည်း ရင်ဘတ်မိတ်ဆွေမျိုးကား အတော်များခဲ့ပါသည်။ မိတ်ဆွေဖြစ်စေ၊ ဆွေမျိုးဖြစ်စေ၊ ကျွန်ုပ်ရှေ့တွင် ဇီဝိန်ချုပ်ခြင်း အလွန်နည်း၏။ ဤစာရေးသောအချိန်တိုင်အောင် ဖခင်တစ်ဦးသာ ကြုံရဖူးပါသည်။ အလွန်ခင်မင်သောသူငယ်ချင်းစက်ခွေတစ်ယောက် ကိုးတန်းတွင် ပလိပ်ရောဂါဖြစ်၍ သေရာ ကျွန်ုပ်ဘာမျှမမြင်လိုက်ရ။ ကိုဖေတစ်ယောက် အဆုတ်နာနှင့်သေရာ အသုဘသာပို့လိုက်ရ၏။ မောင်ရီတစ်ယောက်မှာလည်း သေပြီးခါမှ ကြားလိုက်ရ၏။ နှမအရင်းတစ်ယောက်ကွယ်လွန်ရာတွင် အကြောင်းကြားဖို့မေ့နေကြသည်ဆိုသောကြောင့် အသုဘပင်မပို့လိုက်ရချေ။ (ယောက်ဖနှင့် တူ၊ တူမများ၏ ပေ့ါလျော့မှုဖြစ်သော်လည်း ကျွန်ုပ်ကား အပြစ်မတင်လိုပေ။) မိခင်ကွယ်လွန်စဉ်ကလည်း အလောင်းကိုသာမီလိုက်၏။ ကိုသိန်းဖေနှင့် ကိုခင်မောင်တင့်တို့မှာလည်း ရပ်ဝေး၌ ကွယ်လွန်ကြ၍ မြင်လည်းမမြင်၊ ကြားလည်းမကြား၊ ပြီးခါမှ သိလိုက်ရ၏။ သမီးတစ်ယောက် ၃၇ နှစ်၊ သားတစ်ယောက် ၄၀ နှစ်ကွယ်လွန်စဉ်ကလည်း သင်္ဂြိုဟ်ပြီးမှသိရ၏။ ဤစာရင်းမှာ အသက်ငင်ခြင်းကို ကျွန်ုပ်မြင်ရလျှင် စိတ်ဆင်းရဲမှုဖြစ်ရမည့် ကွယ်လွန်ပြီးသူများဖြစ်ကြ၏။ ဘယ်သူ့ကိုမျှ ကျွန်ုပ်မမြင်လိုက်ရချေ။ တချို့လူများသည် အသက်မမီခဲ့လျှင် ခေါင်းကိုဖွင့်၍ ကြည့်ချင်တတ်ကြ၏။ ကျွန်ုပ်မူကား ထိုဝါသနာမျိုးမရှိချေ။ ထိုသူတို့သည် ဖွင့်ကြည့်ပြီး ဟစ်အော်ငိုကြွေးကြခြင်းအားဖြင့် ဘာအကျိုးများရှိကြသည်ဟု ကျွန်ုပ်နားမလည်ချေ။

**မိခင်နှင့်ဖခင် နှိုင်းယှဉ်ချက်**

ဖခင်ကွယ်လွန်၍ အလောင်းပြင်ပြီးသည့်နောက် ကျွန်ုပ်သည် ဖခင်၏ ဝင်းခြံတစ်နေရာ၌ရှိသော သရက်ပင်ကြီးတစ်ပင်အောက်သို့သွား၍ စဉ်းစားဆင်ခြင်ရာတွင် မိခင်ကိုသတိရ၍ နှိုင်းယှဉ်ချက်ထုတ်မိပါသည်။ ကျွန်ုပ်သည် သားသမီးဆုံးမပုံနှင့်ပတ်သက်၍ ဖခင်၏ ကျပ်တည်းလွန်းခြင်းကြောင့် ချစ်ခင်သလောက် မချစ်ခင်မိသော်လည်း (ကြီးပြင်းလာသောအခါ၌ သူ၏စေတနာကို နားလည်ပါသည်။) ဖခင်၏ ကောင်းသောအချက်အလက်များကို ကောင်းကောင်းကြီးသိပါ၏။ ပင်ကိုအားဖြင့် စိတ်နှလုံးသိမ်မွေ့ခြင်း၊ ဖြူစင်ခြင်း၊ သူတော်ကောင်းခြင်းတည်းဟူသော အရည်အချင်းများတွင် ကျွန်ုပ်၏ဖခင်ထက်သာလွန်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တစ်သက်လုံးမတွေ့ရဖူးပါ။ ဤအတွက်လည်း ကြည်ညိုဖို့ ကျွန်ုပ်သတိရပါသည်။ မိခင်မူကား စိတ်ဆတ်သော အမျိုးဖြစ်၍ မဟုတ်မခံတတ်သောဝါသနာရှိသူဖြစ်ပါသည်။ ကျွန်ုပ် တရားအားထုတ်၍ သင်္ကန်းဝတ်ပြီးသောအချိန်မှစ၍ မိခင်သည် (ကျွန်ုပ်၏မျက်စိ၌) အသစ်ပြင်ဆင်ထုလုပ်လိုက်သော အရုပ်ကဲ့သို့ စိတ်သဘောပြောင်းလဲလာခြင်းကိုမြင်ရ၏။ စိတ်ဆတ်သောဝါသနာအလျောက် ရံဖန်ရံခါ မခံချင်သောမျက်နှာထားဖြစ်ပေါ်လာခြင်းကို ကျွန်ုပ်မြင်ရသော်လည်း မျက်နှာထားပြောင်းရုံမျှထက် ကျော်လွန်၍ နှုတ်ဖြင့်လည်းကောင်း၊ အပြုအမူဖြင့်လည်းကောင်း အမျက်ဒေါသဖော်ပြခြင်းကို မတွေ့ရပေ။

**ဆက်လက်ဖော်ပြပါမည်။**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

ကြို့ပင်ကောက် ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင်လ ၁၄ ရက်တွင် ကျွန်းကုန်းကြီး ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း၌ ကွင်းဆင်းဆောင်ရွက် သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်ဝင်းလေးနှင့် ဒုတိယဦးစီးမှူး ဒေါ်တင်တင်ဝင်းတို့က အာဇာနည်ကိုးဦး အကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာ ကွယ်ရေး၊ လူကုန်ကူးမှုပပျောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်း စာကြိုးစားခြင်းအပြင် ပြင်ပဗဟုသုတ ရရှိစေမည့် စာအုပ်စာစောင်များဖတ်ရှု လေ့လာရေးတို့ကိုအသိပညာပေးဆွေးနွေး ဟောပြောကြပြီး ကျောင်းအုပ်ဆရာကြီး ဦးဇော်မျိုးထက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးအကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ် စာစောင်များကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာကြီး တို့က ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။

ဇေယျာတု(ပြန်/ဆက်)

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်အသံလွှင့်မိန့်ခွန်းမှကောက်နုတ်ချက်)

## မြိတ်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံအမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်အားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ



မြိတ် ဇူလိုင် ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ်နတ်စဉ်လမ်း မြိတ်တက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးကြက်တောင်ရိုက်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ် အားကစားနှင့် ကာယပညာကော်မတီနာယက ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာနေသွယ်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှအမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက် အားကစားသမားများက သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကာ ပြိုင်ပွဲကိုစတင်ကျင်းပသည်။

ထို့နောက်ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ အမျိုးသားပွဲစဉ်တွင် ပထဝီအသင်းနှင့် သင်္ချာအသင်း၊ ဓာတုဗေဒအသင်းနှင့် အင်္ဂလိပ်စာအသင်း၊ ရူပဗေဒအသင်းနှင့် အရှေ့တိုင်းပညာအသင်းတို့ယှဉ်ပြိုင်ကြပြီး အမျိုးသမီးပွဲစဉ်တွင် ဓာတုဗေဒအသင်းနှင့် သမိုင်းအသင်း၊ အင်္ဂလိပ်စာအသင်းနှင့် သင်္ချာအသင်းတို့ယှဉ်ပြိုင်ကြသည်။

မြိတ်တက္ကသိုလ်၏ဘာသာရပ်ပေါင်းစုံကြက်တောင်ရိုက်အားကစားပြိုင်ပွဲသို့ အမျိုးသား အသင်းခုနစ်သင်းမှ အမျိုးသား ၃၄ ဦး၊ အမျိုးသမီးအသင်း ငါးသင်းမှ အမျိုးသမီး ၂၄ ဦး စုစုပေါင်းအမျိုးသား၊ အမျိုးသမီး ၅၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကို ဇူလိုင်လ ၁၄ ရက် မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **မြင့်ဦး(မြိတ်)**

## စာဖတ်ရှိန်မြှင့်တင်ရေးသုတ / ရသစာအုပ်များ ငှားရမ်းပေး



စစ်ကိုင်း ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ)၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် သုတ/ရသစာအုပ်များ အခမဲ့ငှားရမ်းပေးခြင်းကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းနှင့် ဝန်ထမ်းများက ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ပေးကြောင်းသိရသည်။

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အပတ်စဉ်တနင်္လာနေ့တိုင်း နဝမတန်းမှကျောင်းသား၊ ကျောင်းသူများနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဒသမတန်းမှ ကျောင်းသား၊ကျောင်းသူများအား သုတ/ ရသစာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

အလားတူ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင်လည်း ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့်အပတ်စဉ်သွားရောက်ဖွင့်လှစ်၍ သုတ/ရသစာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲစင်းငုံ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲစင်းငုံ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကန့်ဘလူမြို့နယ်၌ ပဲစင်းငုံဧက ၁၁၅၆၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၃၆၇၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ကန့်ဘလူမြို့နယ်မှာ ပဲစင်းငုံသီးနှံဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ် ”ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာစေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယူရီးယားနှင့်လက်ချား သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်၊ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း၊ စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့်မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးနိုင်ရေး ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။

(၄၀၉)

### MWD Education, Knowledge & Sports Channel

၁၅-၇-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ ၀၇:၀၀ - ၀၈:၁၃ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ ၁၅:၃၀ - ၁၆:၃၄ | Grade – 4 | သင်္ချာ၊ လူမှုရေး |
| ၃။ ၁၆:၃၄ - ၁၇:၀၆ | Grade – 4 | သိပ္ပံ |
| ၄။ ၁၇:၀၆ - ၁၈:၁၇ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ ၁၈:၁၇ - ၁၉:၅၄ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

⇨ **ရှေ့ဖုံးမှအဆက်**

သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင်ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

“ဒီသင်တန်းမှာ သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို တိုင်းပြည်ရဲ့ တစ်စိတ်တစ်နေရာမှာ အသုံးချသွားမယ်လို့ ခံယူထားပါတယ်။

**စာမျက်နှာ ၇ သို့** ⇨



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

⇨ **စာမျက်နှာ ၆ မှအဆက်**

အပြင်လောကထက် စာလို့ရှိရင် ဒီထဲမှာ စည်းကမ်းတွေလည်း အများကြီးရှိတယ်။ လူတိုင်းမလုပ်နိုင်တဲ့ စစ်သားဖြစ်တော့မှာ ဆိုတော့ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူမိပါတယ်”ဟု ပြောသည်။

“ပြည်သူ့စစ်မှုထမ်းကို ကိုယ့်ရဲ့စိတ်ဆန္ဒနဲ့ ကိုယ်ကိုယ်တိုင် တာဝန်ထမ်းဆောင်ချင်လို့ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကိုယ်တိုင် ကိုယ်ကျ တာဝန်ထမ်းဆောင်ရတော့မယ်ဆိုတော့ စိတ်ထဲမှာလည်း ပျော်ပါတယ်။ ပြည်သူတွေအတွက် အသက်စွန့်ပြီးတော့ ကာကွယ်ရမယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ အပြင်မှာနေသလို အရပ်သားမဟုတ်တော့ဘဲ ကိုယ့်နိုင်ငံသားကို ကိုယ်ပြန်စောင့်ရှောက်ရမယ့် သူရဲကောင်းတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ်ခံယူမိပါတယ်” ဟု ပြောသည်။

(၁၀၀)





# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိ Bangkok , Chonburi နှင့် Songkhla မြို့တို့တွင် အားကစားနည်း ၅၃ နည်းအား ခွဲ၍ကျင်းပသွားမည်

နေပြည်တော် ဇူလိုင် ၁၄

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိ Bangkok , Chonburi နှင့် Songkhla မြို့တို့တွင် အားကစားနည်း ၅၃ နည်းအား ခွဲ၍ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း (By Sports)နှင့် ပြိုင်ပွဲအမျိုးအစား (Event) များကို အိမ်ရှင်ထိုင်းနိုင်ငံသို့ ပေးပို့ခဲ့ပြီးပြီဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားများ၏ အမည်စာရင်း(By Number)များ အချိန်မီပေးပို့နိုင်ရန် လူရွေးချယ်ခြင်းများကို တာဝန်ရှိသူများက ဇူလိုင်လကုန်အပြီး ရက်များ သတ်မှတ်၍ စနစ်တကျစိစစ်ရွေးချယ်ပြီး ဝန်ကြီးဌာနသို့ အချိန်မီတင်ပြနိုင်ရေးအတွက် အားကစားအဖွဲ့ချုပ်များကို ကြိုတင်အကြောင်းကြားထားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးထိန်လင်းက လာမည့်(၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေး၊ အားကစားနည်းအလိုက် အားကစားသမားများအတွက်လိုအပ်သည့် ကယ်လိုရီပမာဏနှင့် အာဟာရများ ပြည့်ဝစေရေးတို့အတွက် Sport Nutrition အာဟာရပိုင်းဆိုင်ရာ တွက်ချက်မှုများနှင့်အညီ စခန်းဝင်အားကစားသမားများအား ချက်ပြုတ်ကျွေးမွေး ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက သေသေချာချာ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများအလိုက် တာဝန်ရှိသူ ညွှန်ကြားရေးမှူးများက လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် ယခင်လအစည်းအဝေး၏ဆုံးဖြတ်ချက်များနှင့် လက်ရှိကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ တက်ညီလက်ညီဆက်လက်၍ အရှိန်အဟုန်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်လ ၁၄ ရက်တွင် ရန်ကင်းမြို့နယ် အမှတ်(၁၅) ရပ်ကွက်၌ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

မြဝတီ

## ရောဝတီမြစ်ရေ ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရွှေ့ပြောင်းရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# သံဓာတ်ချို့တဲ့ခြင်းကိုဖော်ပြနေသော လက္ခဏာ (၉) ရပ်

ပေါက်ပေါက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းကျော်က သွေးအားနည်းမှုတွေ့ကြုံနေကြရပြီး ယင်းတို့အနက် အများစုမှာ သံဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ အသက် ၁၉ နှစ်ကနေ ၅၀ နှစ်အရွယ်အမျိုးသားတွေအတွက် နေ့စဉ် သံဓာတ်လိုအပ်ချက်ပမာဏမှာ ၈ မီလီဂရမ်ဖြစ်ပြီး အမျိုးသမီးတွေအတွက် ၁၈ မီလီဂရမ်လိုအပ်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှုများတဲ့ အမျိုးသမီးတွေမှာတော့ ယင်းပမာဏထက်ပိုပြီး လိုအပ်နေတဲ့အပြင် ကိုယ်ဝန်ဆောင်တွေအတွက် ၂၇ မီလီဂရမ်လိုအပ်ကြောင်း အမျိုးသားကျန်းမာရေးအဖွဲ့ (NIH) ရဲ့ ဖော်ပြချက်အရ သိရပါတယ်။

သံဓာတ်ချို့တဲ့မှုကြောင့် ခန္ဓာကိုယ်မှာရှိတဲ့ တစ်သျှူးတွေဆီ အဆုတ်မှအောက်ဆီဂျင်ကို သယ်ဆောင်ပေးတဲ့ ပရိုတင်းဓာတ်ဖြစ်တဲ့ ဟေမိုဂလိုဘင် ထုတ်လုပ်မှုပမာဏ မလုံလောက်ဖြစ်လာတဲ့အတွက် မောပန်းပြီးအားအင်ကုန်ခန်းခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရင်ဘတ်နာခြင်း၊ နှလုံးခုန်နှုန်းမှုမမှန်ခြင်းနဲ့ အသားအရေဖျော့တော့ခြင်း စတာတွေတွေ့ကြုံရနိုင်ပါတယ်။ ပျမ်းမျှ အမျိုးသမီး ၁၀ ဦးမှာ ခြောက်ဦးလောက် သံဓာတ်ချို့တဲ့လေ့ရှိကြပါတယ်။

သံဓာတ်က လူသားအကျိုးပြုသတ္တုဓာတ်တစ်မျိုးဖြစ်တာကြောင့် မိမိခန္ဓာကိုယ်မှာ သံဓာတ်ချို့တဲ့ခြင်းရှိ၊ မရှိ အောက်ပါလက္ခဏာရပ်တွေနဲ့ ဆန်းစစ်နိုင်ပါတယ်။

### အလွန်အမင်းမောပန်းခြင်း

ခန္ဓာကိုယ်က သံဓာတ်ကိုအသုံးပြုပြီး သွေးကလာပ်စည်းဆဲလ်တွေထဲမှာရှိတဲ့ အောက်ဆီဂျင်ကို သယ်ယူပေးတဲ့ သွေးနီဓာတ်တစ်မျိုးကို ထုတ်လုပ်ပေးပါတယ်။ သံဓာတ်ချို့တဲ့လာတဲ့အခါ ကျန်းမာသန်စွမ်းတဲ့သွေးဆဲလ်တွေ အလုံအလောက်မရှိတော့ဘဲ အလွန်အမင်းမောပန်းနွမ်းနယ်လာပါတယ်။

### အာရုံစူးစိုက်၍ မရခြင်း

သံဓာတ်ချို့တဲ့လာတဲ့အခါ အာရုံခံအင်္ဂါအဖွဲ့အစည်းတွေ ချို့ယွင်းသွားတာကြောင့် နေ့စဉ်ပုံမှန်လုပ်နေကျအလုပ်တွေမှာတောင် အာရုံစူးစိုက်လို့မရတော့ဘဲ စွမ်းဆောင်ရည်တွေ တဖြည်းဖြည်းကျဆင်းလာပါတယ်။

### စိတ်ဝင်စားမှုမရှိခြင်း

သံဓာတ်ချို့တဲ့လာခြင်းကြောင့် အာရုံခံအင်္ဂါအဖွဲ့အစည်းတွေကို ထိခိုက်စေရုံမက စိတ်နောက်ကျိလာပြီး မိမိပတ်ဝန်းကျင်၊ မိသားစု၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ အရင်ကလို စိတ်ဝင်စားမှုမရှိတော့ဘဲ တစ်ယောက်တည်းနေလိုစိတ် ပြင်းပြနေတတ်ပါတယ်။

### အသက်ရှူကျပ်ခြင်း

သွေးထဲမှာ သံဓာတ်လုံလောက်မှုမရှိတဲ့အခါ ခန္ဓာကိုယ်က အောက်ဆီဂျင်လိုအပ်လာပြီး အသက်ရှူမဝဘဲ မွန်းကျပ်မှုတွေ ဖြစ်လာပါတယ်။ ပုံမှန်လေ့ကျင့်ခန်းလုပ်တဲ့အခါ၊ ပုံမှန်လမ်းလျှောက်တဲ့အခါတွေမှာ အရင်ကနဲ့မတူ သိသိသာသာအသက်ရှူမဝဖြစ်လာခြင်းက သံဓာတ်ချို့တဲ့နေတဲ့လက္ခဏာတွေပဲဖြစ်ပါတယ်။

### အသားအရေဖြူရော်ရော်ဖြစ်ခြင်း

လူ့ခန္ဓာကိုယ်အတွင်း သံဓာတ်ချို့တဲ့နေရင် နှုတ်ခမ်း၊ လက်ဖဝါး၊ အောက်မျက်ခမ်းအတွင်းသားတွေ ဖြူဆုတ်လာခြင်း၊ လက်ဖဝါးနဲ့ခြေဖဝါးတွေ အေးစက်လာခြင်း၊ မျက်နှာနဲ့အသားအရေတွေ ဖြူရော်ရော်ဖြစ်လာခြင်းတို့ ဖြစ်လာပါတယ်။

### ကြွက်သားတွေနာကျင်ခြင်း

ခန္ဓာကိုယ်ကြွက်သားတွေမှာ သံဓာတ်အားနည်းလာတာကြောင့် ကြွက်သားတွေ လျော့ရဲလာပြီး တော်ရုံဖိမိတွန်းမိတာကိုတောင် အထိမခံနိုင်တော့ဘဲ နာကျင်လာပါတယ်။ ဒါ့ပြင် အရေပြားအောက်ခြေမှာ အလွယ်တကူသွေးခြည်ဥလာပြီး အရေပြားတွေ အညိုအမည်းစွဲလာပါတယ်။

### ခြေသည်း၊ လက်သည်းတွေကွဲထွက်ခြင်း

ခြေသည်း၊ လက်သည်းအစပ်နားတွေ အလိုလိုတစ်စစီကွဲထွက်ခြင်းက သံဓာတ်ချို့တဲ့ခြင်းရဲ့ လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ တချို့သူတွေမှာ လက်သည်းခွံတွေက အပေါ်ကိုဖောင်းမနေတော့ဘဲ ဇွန်းသဏ္ဌာန် အတွင်းပိုင်းကို ချိုင့်ခွက်ဝင်နေကြပါတယ်။

### မကြာခဏဖျားနာခြင်း

အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် အလွယ်တကူ ကူးစက်နိုင်တဲ့ အအေးမိ၊ နှာစေး၊ ချောင်းဆိုးစတဲ့ ရာသီဖျားတွေ မကြာခဏကူးစက်ခံရခြင်း၊ အနည်းငယ်အအေးခံရုံနဲ့ နှာခေါင်းပိတ်ခြင်း၊ နှာစေးခြင်း၊ အသံဝင်ခြင်းတို့ကလည်း သံဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်ပါတယ်။

### ပန်းရောင် သို့မဟုတ် အနီရောင်ဆီးသွားခြင်း

သွေးဆုံးပြီးအမျိုးသမီးတွေ ပျမ်းမျှ ၁၀ ဦးမှာ နှစ်ဦးလောက်က ပန်းရောင် သို့မဟုတ် အနီရောင်ဆီးသွားတတ်ပါတယ်။ တချို့အမျိုးသမီးတွေက လက်ဖက်ရည်ကြမ်းကျကျကဲ့သို့ နီညိုရောင်ဆီးသွားတတ်ပါတယ်။ အကယ်၍ အနီရောင်ခြယ်စတော်ဘယ်ရီသီးတွေ၊ beet root ခေါ် သကြားမုန်လာ ခေါ် သွေးနီရောင်အရည်ရွှမ်းတဲ့ မုန်လာဥနီတွေ၊ နဂါးမောက်သီးအနီတွေကို မစားမသောက်ဘဲ ဆီးအရောင်က သူ့အလိုလို ပန်းရောင် သို့မဟုတ် အနီရောင်ပြောင်းသွားခြင်းက သံဓာတ်ချို့တဲ့ခြင်းရဲ့လက္ခဏာဖြစ်ပါတယ်။

### သံဓာတ်ဖြည့်တင်းပေးတဲ့အစားအစာများ

- တစ်ခွက်စာပမာဏရှိတဲ့ အမဲအသည်းမှာ သံဓာတ် ၅ ဒသမ ၈ မီလီဂရမ်ပါရှိပြီး ကျန်းမာရေးကိုထိခိုက်စေမယ့် အဆီနဲ့ကယ်လိုရီပါဝင်မှု လွန်စွာနည်းပါးတဲ့အတွက် စားပေးသင့်ပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ အမဲသား(မိုးခိုသား)မှာ သံဓာတ် ၂ ဒသမ ၉ မီလီဂရမ်ပါရှိတဲ့အပြင် ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ ပရိုတင်း၊ ဗီတာမင်ဘီ-6 ၊ ဗီတာမင်-C နှင့် ဗီတာမင်-D တို့ ကြွယ်ဝစွာပါရှိတဲ့အတွက် စားပေးသင့်ပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ အမဲသားမှာ သံဓာတ် ၁ ဒသမ ၈ မီလီဂရမ်ပါရှိပြီး ခန္ဓာကိုယ်အတွက် မလိုလားအပ်တဲ့ ကိုလက်စထရောတွေကျဆင်းအောင် ပံ့ပိုးပေးပါတယ်။ ဒါကြောင့် အမဲသားစားပေးသင့်ပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ ကြက်(ရင်ပုံသား)မှာ သံဓာတ် ၁ ဒသမ ၁ မီလီဂရမ်ပါရှိနေလို့ ခြေလေးချောင်းသားမစားသူတွေအဖို့ သံဓာတ်အားဖြည့်စာအဖြစ် ကြက်ရင်ပုံစားပေးသင့်ပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ ဆယ်လ်မွန်ငါးမှာ သံဓာတ် သုည ဒသမ ၇ မီလီဂရမ်ပါရှိပြီး Omega-3 Fatty Acid တွေပါရှိနေတာကြောင့် သွေးခဲပိတ်ဆို့ခြင်းနဲ့ လေဖြတ်ခြင်းတွေမဖြစ်အောင် ကာကွယ်ပေးနိုင်တဲ့အတွက် စားပေးသင့်ပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ ရွှေဖရုံသီးအစေ့မှာ သံဓာတ် ၄ ဒသမ ၂ မီလီဂရမ်ပါရှိပြီး ကျောက်ကပ်ကျောက်တည်ခြင်းကနေလည်း ကာကွယ်ပေးပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ ချောကလက်စစ်စစ် အမည်းရောင်ထဲမှာ သံဓာတ် ၄ ဒသမ ၁ မီလီဂရမ်ပါရှိပြီး သွေးထဲက ကိုလက်စထရောတွေကိုလျော့ကျစေပြီး သွေးအားနည်းခြင်းကနေလည်း ကာကွယ်ပေးပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ စမုန်ဖြူ(အခြောက်)မှာ သံဓာတ် ၃ ဒသမ ၇ မီလီဂရမ်ပါရှိပြီး အမျှင်ဓာတ်၊ ဗီတာမင်-A၊ ဗီတာမင်-C တို့ပါရှိနေတဲ့အပြင် ခန္ဓာကိုယ်ကို ဘေးဥပဒ်ဖြစ်စေတဲ့ ကိုလက်စထရော လုံးဝမပါရှိတဲ့အတွက် စားပေးသင့်ပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ Apricots ခေါ် ဆီးသီးခြောက်ထဲမှာ သံဓာတ် ၃ ဒသမ ၆ မီလီဂရမ်ပါရှိပြီး ခန္ဓာကိုယ်အကျိုးပြု beta carotene၊ အမျှင်ဓာတ်နှင့် တခြားအာဟာရဓာတ်တွေ ပါရှိပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ ပဲနီကလေးထဲမှာ သံဓာတ် ၃ ဒသမ ၃ မီလီဂရမ်ပါရှိပြီး မပျော်ဝင်လွယ်တဲ့ အမျှင်ဓာတ်တွေပါရှိနေတာကြောင့် ဆာလောင်မွတ်သိပ်မှုမဖြစ်စေဘဲ အဆာခံစေပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ အာလူးထဲမှာ သံဓာတ် ၃ ဒသမ ၂ မီလီဂရမ်ပါရှိပြီး အာဟာရသိဒ္ဓိပြည့်ဝတဲ့အစာဖြစ်ပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ ဟင်းနုနယ်ထဲမှာ သံဓာတ် ၃ ဒသမ ၂ မီလီဂရမ်ပါရှိပြီး ကင်ဆာဆဲလ်တွေကြီးထွားမှုကို ဟန့်တားပေးနိုင်စွမ်းရှိပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ ပဲကတ္တီပါထဲမှာ သံဓာတ် ၂ ဒသမ ၆ မီလီဂရမ်ပါရှိပြီး ခွန်အားတိုးပွားစေတဲ့အပြင် နှလုံးရောဂါဖြစ်နိုင်ခြေနည်းပါးအောင် ကူညီပေးပါတယ်။
- တစ်ခွက်စာပမာဏရှိတဲ့ ပန်းဂေါ်ဖီစိမ်းထဲမှာ သံဓာတ် ၁ ဒသမ ၂ မီလီဂရမ်ပါရှိပြီး အမျှင်ဓာတ်တွေ အမြောက်အမြားပါရှိတာကြောင့် အူမကြီးနဲ့ အစာအိမ်ကင်ဆာတွေမဖြစ်စေအောင် ဟန့်တားပေးပါတယ်။

**■ သံဓာတ်ချို့တဲ့လာတဲ့အခါ အာရုံခံအင်္ဂါအဖွဲ့အစည်းတွေ ချို့ယွင်းသွားတာကြောင့် နေ့စဉ်ပုံမှန်လုပ်နေကျအလုပ်တွေမှာတောင် အာရုံစူးစိုက်လို့မရတော့ဘဲ စွမ်းဆောင်ရည်တွေ တဖြည်းဖြည်းကျဆင်းလာပါတယ်။**

**■ သံဓာတ်ချို့တဲ့လာခြင်းကြောင့် အာရုံခံအင်္ဂါအဖွဲ့အစည်းတွေကို ထိခိုက်စေရုံမက စိတ်နောက်ကျိလာပြီး မိမိပတ်ဝန်းကျင်၊ မိသားစု၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ အရင်ကလို စိတ်ဝင်စားမှုမရှိတော့ဘဲ တစ်ယောက်တည်းနေလိုစိတ် ပြင်းပြနေတတ်ပါတယ်။**

# ပျော်ဘွယ်မြို့နယ်၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ပျော်ဘွယ် ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဇူလိုင်လ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် လမ်းမြေနေရာရှင်းလင်းခြင်း၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် အောက်ခံမြေသိပ်သည်းရန် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန်ပြောကြားသည်။

ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ အရှည် ၁/၆ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၂၂၆ ဒသမ ၆၆၃ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဇင်မာ

# ရေဝတီတိုင်းဒေသကြီးအတွင်း၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တပ်ဆင် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းများဖွင့်လှစ်

## ဝါးခယ်မ



ရေဝတီတိုင်းဒေသကြီးဝါးခယ်မမြို့နယ် မင်းပိုင်းရပ်ကွက် ရွှေခယ်သီရိအားကစားခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၁၄ ရက်မှ ၃၁ ရက်အထိ သင်တန်းသား ၁၀၆၆ ဦးအား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

လွမ်းသီဟ(ဝါးခယ်မ)

## ဇလွန်



ရေဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၁၄ ရက်မှ ၂၈ ရက်အထိ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှဆရာ၊ဆရာမများအား တစ်ရက်လျှင် သင်တန်းသား ၁၀၀ ဦးဖြင့် သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၆၉၄ ဦးအား သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။ဇလွန်(ပြန်/ဆက်)

## အိမ်မဲ





ရေဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါသင်တန်းတွင်သင်တန်းသား၅၆၃ ဦးအား ငါးကြိမ်ခွဲ၍ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲပြန်/ဆက်)

## ဓနုဖြူ



ရေဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၁၄ ရက်မှ ၂၅ ရက်အထိ သင်တန်းသား ၇၃၃ ဦးအား သင်တန်းနည်းပြဆရာ ၁၅ ဦးက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# မောဟလွှမ်းကဲကြသူများ

❖ လမင်းဂုဏ်ရောင်၊ ခွေးတွေဟောင်သော်
လရောင်မန္ဒမ်း၊ ခွေးသာပန်း၏။

❖ "တပ်နှင့်ပြည်သူ"၊ ကြည်ဖြူတွဲယှဉ်
အောင်ပွဲဝင်တိုင်း၊ နိမ့်ရိုင်းယုတ်ဆိုး
ပုဆိန်ရိုးတို့၊ အမျိုးကိုဖျက်
အပျက်ကိုလှမ်း၊ ကျေးဇူးကန်း၏။

❖ လရောင်ဝင်းပ၊ ရွှန်းမြကြည်သာ
သည်ချိန်ခါကို၊ မနာလိုစိတ်
ယိုဖိတ်ထိပ်ခေါင်၊ ခေါင်းထိုးဟောင်သည်
စိတ်မှာမှောင်မည်း၊ ပြာပုံမွဲတည့်။

❖ မကောင်းမှုတွင်၊ မွေ့ပျော်ချင်လှ
ကောင်းမှုရရာ၊ သွေ့ရှောင်ကာသွား
ရန်လိုပွားတတ်၊ မအပ်မရာ
စိတ်မှာမူမမှန်၊ တစ်ယူသန်တည့်။

❖ အကောင်းအဆိုး၊ ကြောင်းကျိုးမချင့်
သင့်မသင့်လမ်း၊ မမြင်ကန်းလှ
ဗာလအစစ်၊ အနှစ်တစ်ရာ
နေရပါလည်း၊ ကုသိုလ်လည်းနည်း
ကံလည်းမွဲချာ၊ သံသရာဝယ်
အပါယ်ကိုလား၊ ထပ်မနားတည့်။

❖ တစ်ဦးတစ်ဦး၊ မေတ္တာလူး၍
ချစ်ဖူးတုံ့တင်၊ ကြင်ကြင်နာနာ
ကရုဏာမူ၊ မြော်တွေးရှု၍
"သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြှောက်ရ"
ချမ်းမြဂုဏ်ဒြပ်၊ ထားရှိမြတ်သော
သဘောကိုပင်၊ မဆင်ခြင်လို
ငြင်ငြိုစိတ်ပွား၊ မာနများပို
မနာလိုပွား၊ မိုက်မှားစိတ်ရိုင်း
လေပွေလှိုင်းကြား၊ လမ်းတွေမှား၏။

❖ တပ်နဲ့ပြည်သူ၊ ကြည်ဖြူတွဲယှဉ်
အောင်ပွဲဝင်တိုင်း၊ စိတ်ရိုင်းဗျာပို
မနာလိုပွား၊ ထိုသူများက
လမင်းဂုဏ်ရောင်၊ ခွေးတွေဟောင်သို့
ဟောင်လို့နေငြား၊ ဝေဝါးမမှောင်
လရောင်မန္ဒမ်း၊ ခွေးသာပန်းရ
မဆန်းကြသော၊ သည်သဘောကား
လောကအမြဲ ရှိနေဆဲ။
မောဟလွှမ်းကဲ မိုက်မှောင်ဆဲ ။ ။

ကျော်စွာမိုးနိုင်

# စလင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်



စလင်း ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းများကို စလင်းမြို့ပေါ်ရှစ်ရပ်ကွက်၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများရှိ ရေတွင်း၊ ရေကန်များ၌ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ရေတွင်း၊ ရေကန်များ၌ အဘိတ်ဆေးခတ်ခြင်း၊ ပိုးလောက်လမ်းပေါက်ပွားနိုင်သည့် သောက်ရေအိုး၊ သောက်ရေအိုးများနှင့် ကားတာယာအဟောင်းများ၌ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ရေဝပ်ပြီး ခြင်ခိုအောင်းနိုင်သည့် ချုံနွယ်များနှင့် မြေသားချိုင့်ခွက်များအား မြေဖို့ရန်၊ ဝမ်းရောဂါနှင့်သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရန် အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါအဘိတ်ဆေးခတ်ခြင်းများကို ဇူလိုင်လ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၁၅ ရက်အထိ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# ဆိပ်ဖြူမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး



ဆိပ်ဖြူ ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၁၄ ရက်တွင် ဆိပ်ဖြူမြို့နယ် အနောက်ပိုင်းရပ်ကွက် အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ (ဆိပ်ဖြူ-ဆော) ကားလမ်းဘေး၌ ကျင်းပသည်။

အဆိုပါစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး မိုးရာသီလူထုလှုပ်ရှားမှုအသွင် ဒုတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောကဏ္ဍနှင့် သယံဇာတများ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ ဂေဟစနစ်များကောင်းမွန်ကာ ရာသီဥတုကောင်းမွန်မျှတပြီး သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့မှ တားဆီးကာကွယ်နိုင်ရေးနှင့် ပြည်သူများ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထားနိုင်စေရေး ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့ဝင်များက ကျွန်းပင် ၁၈၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**စိုးလင်းနိုင်**

# အောင်လံမြို့နယ် ကြေးနီချောင်းကူးတံတားတည်ဆောက်ခြင်း(ဒုတိယပိုင်း)လုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

အောင်လံ ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကန်နှစ်ဆင့်-ရေနံကြီးလမ်းပေါ်ရှိ ကြေးနီချောင်းကူးတံတားတည်ဆောက်ခြင်း (ဒုတိယပိုင်း)လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၁၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဘိုမင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခိုင်မင်းစိုးနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက ကြေးနီချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကြေးနီချောင်းကူးတံတားတည်ဆောက်ခြင်း (ဒုတိယပိုင်း) လုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုငွေ ငွေကျပ် ၃၅၁ ဒသမ ၀၄ သန်းဖြင့် PhyoThiri Kyaw ကုမ္ပဏီမှ ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ၂၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြေးနီချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက



အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများ ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး ယခင်ကထက် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

## မန္တလေးတိုင်းဒေသကြီး အတွင်း မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် သိန်း ၃၉၀၀၀ ကျော် ထုတ်ချေးပေးပြီးဖြစ်

မန္တလေး ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် သိန်း ၄၅၀၀၀၀ ကျော် ထုတ်ချေးရန်လျာထားပြီး ပြီးခဲ့သည့် ဇွန်လကုန်အထိ ငွေကျပ် သိန်း ၃၉၀၀၀ ကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

အဆိုပါ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းကို မေလ ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း၊ ထိုသို့ထုတ်ချေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းနှင့် တခြားသီးနှံများကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ဒီနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေတွေကို မေလ ၁၉ ရက်ကနေ စတင်ထုတ်ချေးပေးခဲ့ပြီး ဇွန်လ ၃၀ ရက်အထိ တောင်သူ ၆၂၄၄ ဦး စိုက်ဧက ၃၃၅၉၈ ဧကအတွက် စုစုပေါင်း ငွေကျပ် ၃၉၂၉၂ ဒသမ ၅ သိန်း ထုတ်ချေးပြီးဖြစ်ပါတယ်။ ဒီနှစ်မိုးရာသီမှာ လျာထားတာကတော့ စုစုပေါင်း ငွေကျပ် ၄၅၁၃၃၂ သိန်းအထိ ထုတ်ချေးပေးဖို့ လျာထားပြီး စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးမှာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မန်နေဂျာ ဦးသက်ဦးကပြောသည်။

မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၏ကြီးကြပ်မှုအောက်ရှိ ခရိုင်ဘဏ်ခွဲခြောက်ခုနှင့် မြို့နယ်ဘဏ်ခွဲကိုးခု စုစုပေါင်းဘဏ်ခွဲ ၁၅ ခုတွင် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ တခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စားရေရိက္ခာဖူလုံစေရေးတို့အတွက် တောင်သူများ စိုက်ပျိုးထုတ်လုပ်ရာတွင် ကုန်ကျစရိတ်များကို အထောက်အကူဖြစ်စေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ သဘောတူသောအတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်မှ မြန်မာနိုင်ငံသို့ယူဆောင်လာမည့် စီးပွားရေးအကျိုးကျေးဇူးများ

**အေးကျော်(ရူပဗေဒ)**

လောက၌ မိမိအကျိုးစီးပွားလိုလားသူကိုသာလျှင် **“မိတ်ဆွေ”** ဟု ခေါ်ဆိုထိုက်သည်ဖြစ်ရာ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ နိုင်ငံများအနေဖြင့်လည်းကောင်း မိမိတို့၏အကျိုးစီးပွားကိုဖြစ်ထွန်းစေနိုင်မည့် မိတ်သင်္ဂဟကိုရှာမှီးမှသာ ကောင်းကျိုးဖြစ်ထွန်းကြီးပွားနိုင်မည်ဖြစ်သည်။ **“အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေဟူ၍မရှိ၊ အမြဲတမ်းအကျိုးစီးပွားသာရှိသည်”**ဟူသောစကားရှိနေသော်လည်း နှစ်ဦးနှစ်ဖက်လုံးကောင်းကျိုးဒွန်တွဲ ဖြစ်ထွန်းအောင်သစ္စာ၊ ဥာဏ်ပညာ၊ မုဒိတာတရားများဖြင့်ထိန်းသိမ်းကာ ဆောင်ရွက်နိုင်ကြလျှင်မိတ်သင်္ဂဟတို့အကြားတွင် မင်္ဂလာတရားများနှင့် ပြည့်စုံနေမည်သာဖြစ်သည်။

ဗဟုဝင်ရိုးဆီဦးတည်သောကမ္ဘာကြီးတွင် သြဇာလွှမ်းမိုးမှု ပါဝါဟန်ချက်သည် ယခင်ကကဲ့သို့ တစ်ဖက်စောင်းနင်းမဖြစ်တော့ပေ။ နိုင်ငံများအနေဖြင့်လည်း မိမိနိုင်ငံပထဝီအနေအထား၊ မိမိနိုင်ငံသယံဇာတ၊ မိမိနိုင်ငံ အဓိကကျောရိုးစီးပွားရေးတို့နှင့် လိုက်လျောညီထွေသည့် မိတ်ဖက်နိုင်ငံများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းများတွင် ပါဝင်လာကြသည်။ သို့မှသာလျှင် အင်အားကြီးနိုင်ငံများ၏ဘက်စုံစစ်ပွဲအသွင်ကျူးကျော်မှုများကိုကြံ့ကြံ့ခံကာကွယ်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မိတ်ဝတ်မပျက်တမ်း ကောင်းမွန်သောဆက်ဆံရေးမူဝါဒဖြစ်သည့် လွတ်လပ်တက်ကြွပြီးဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုလက်ကိုင်ကျင့်သုံးရပ်တည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ကြီးပွားတိုးတက်မှုအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာ၊ တည်ငြိမ်အေးချမ်းရေး၊ အုပ်ချုပ်သူအစိုးရ၏ခေါင်းဆောင်မှုနှင့် နိုင်ငံသားများ၏ပူးပေါင်းပါဝင်မှုစသည့်အချက်များ ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်ဖို့လိုသလို ကဏ္ဍပေါင်းစုံတွင် နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်မှုသည်လည်း အရေးကြီးသည်။ မိမိနိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် မိတ်ကောင်းသဖွယ်ဖြစ်သော မိတ်ဖက်နိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးသော မဟာမိတ်ဆက်ဆံရေးများ တည်ဆောက်ထားခြင်းအားဖြင့် မိမိနိုင်ငံအတွက် မိတ္တဗလနှင့်ပြည့်စုံစေကာ အကျိုးစီးပွားဖော်ဆောင်နိုင်စွမ်းကို တိုးတက်ကာမြင့်မားလာစေသည်။




**(၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ထိုမှတစ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ**

မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအကျိုးစီးပွားကိုမျှော်ရည်၍ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်လျက်ရှိသည်။ ထိုအထဲကမှ မကြာသေးမီကကျင်းပပြီးစီးခဲ့သည့် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသော (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအချို့ကို ထုတ်နုတ်တင်ပြလိုသည်။

**➲ ကုန်သွယ်မှုပမာဏ သုံးဆတိုးလာခြင်းသည် မြန်မာနိုင်ငံနှင့် EAEU အဖွဲ့အစည်းကြား စီးပွားရေးဆိုင်ရာဆက်ဆံမှု ပိုမိုခိုင်မာလာသည့်သက်သေပင်ဖြစ်သည်။ EAEU ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံမှ MSME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုများဖြစ်သည့် အလုပ်သင်များစေလွှတ်နိုင်ခြင်း၊ ပညာတော်သင်စေလွှတ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာလေ့ကျင့်ရေးသင်တန်းများစေလွှတ်ခြင်း၊ ကုန်သွယ်ရေးဈေးကွက်အတွက် မိမိနိုင်ငံ၏ပို့ကုန်၊ သွင်းကုန်များနှင့်ကိုက်ညီသော နိုင်ငံသစ်များတိုးလာခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။**






မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသော (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ဆွေးနွေးမှုအစီအစဉ်တစ်ခု၌ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr.Maksim Reshe-tnikov သည် မြန်မာနိုင်ငံနှင့်ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်တစ်ခုဖြစ်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်အဓိကနယ်ပယ်မှာ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဖြစ်သည်ဟု နိုင်ငံတကာသတင်းများတွင်ဖော်ပြထားသည်ကိုတွေ့ရသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အဦ၊ သတ္တု၊ စိုက်ပျိုးရေးနှင့်ဆက်သွယ်ရေးကဏ္ဍများအပါအဝင်အခြားနယ်ပယ်များပူးပေါင်းဆောင်ရွက်မှုတွင်လည်း လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

အထက်ပါစာချုပ်ချုပ်ဆိုပြီး အသက်ဝင်ပြီဆိုပါက မြန်မာနိုင်ငံအနေဖြင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတိုးမြင့်လာကာ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ စွမ်းအင်ကဏ္ဍတွင် ကမ္ဘာ့ဈေးကွက်သို့တက်လှမ်းနိုင်မည့် အခွင့်အလမ်းကိုချိတ်ဆက်နိုင်မည်ဖြစ်ကာ နိုင်ငံခြားသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပြည်တွင်းသို့စီးဆင်းမှုတိုးလာမည်ဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရုရှားမှနည်းပညာနှင့်လုပ်ငန်းဆောင်ရွက်မှုများကိုရရှိပြီး ပြည်တွင်းလုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့်လုပ်ငန်းကျွမ်းကျင်မှုအရည်အချင်းများလည်း တိုးတက်လာနိုင်သည်။ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းနှင့်သက်ဆိုင်သော အခြေခံအဆောက်အဦများလည်း တိုးလာနိုင်သည်။ စိုက်ပျိုးရေးကဏ္ဍနှင့် သတ္တုတူးဖော်ရေးကဏ္ဍတွင်လည်း နည်းပညာအကူအညီရယူကာ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

(၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးအဖြစ်ကျင်းပသော ဥရောပ-အာရှစီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆွေးနွေးခြင်းဖြစ်သည့်အပြင် ၂၀၁၉ ခုနှစ်မှစ၍ ကုန်သွယ်မှုပမာဏမှာ သုံးဆတိုးလာကြောင်း ဥရောပ-အာရှစီးပွားရေးကော်မရှင် မေခရို(အကြီးစား)စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr.Eldar Alisherov က ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်မှုများအရသိရှိရသည်။

ကုန်သွယ်မှုပမာဏ သုံးဆတိုးလာခြင်းသည် မြန်မာနိုင်ငံနှင့် EAEU အဖွဲ့အစည်းကြား စီးပွားရေးဆိုင်ရာဆက်ဆံမှု ပိုမိုခိုင်မာလာသည့်သက်သေပင်ဖြစ်သည်။ EAEU ၏ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံမှ MSMEလုပ်ငန်းများနိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုများဖြစ်သည့် အလုပ်သင်များစေလွှတ်နိုင်ခြင်း၊ ပညာတော်သင်စေလွှတ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာလေ့ကျင့်ရေးသင်တန်းများစေလွှတ်ခြင်း၊ ကုန်သွယ်ရေးဈေးကွက်အတွက်မိမိနိုင်ငံ၏ပို့ကုန်၊ သွင်းကုန်များနှင့်ကိုက်ညီသော နိုင်ငံသစ်များတိုးလာခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။

**စာမျက်နှာ ၁၂ သို့ ●**

● စာမျက်နှာ ၁၁ မှအဆက်

စိန့်ပီတာစဘတ် စီးပွားရေးလုပ်ငန်း/အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုတွင် ဆေးဝါး၊ ဆောက်လုပ်ရေးနှင့် မြန်မာနိုင်ငံသို့မြေသြဇာတင်ပို့ခြင်း စသည့်နယ်ပယ်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အလားအလာကောင်းများရှိကြောင်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွေ့အကြုံများကိုမျှဝေရန်နှင့် ကုန်စည်နှင့်အခြားဝန်ဆောင်မှုများကို ကမ်းလှမ်းရန်စီစဉ်နေကြောင်း၊ နှစ်နိုင်ငံအကြားအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိန့်ပီတာစဘတ်မြို့တွင် လာမည့် နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပမည့် BRICS အဖွဲ့ဝင်များ၏ သတ္တမအကြိမ် နိုင်ငံတကာမြူနီစပယ်ဖိုရမ်သို့ ပါဝင်တက်ရောက်ရန် ဖိတ်ကြားကြောင်းတို့ကို စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ၏ ဒုတိယဥက္ကဋ္ဌ Mr.Vyacheslav Kalganov က ပြောကြားခဲ့သည်။

ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း ရုရှားနိုင်ငံမှ ဆေးဝါးဆိုင်ရာအဆင့်မြင့်နည်းပညာများကို မြန်မာနိုင်ငံတွင် ပူးပေါင်းအကောင်အထည်ဖော်နိုင်ခြင်း၊ ဆေးရုံနှင့်ဆေးသုတေသနစင်တာများဆောက်လုပ်ရန်အတွက် ရုရှားနိုင်ငံမှ အတွေ့အကြုံနှင့်နည်းပညာအကူအညီများ၊ ခေတ်မီအဆောက်အအုံဆောက်လုပ်မှုနည်းပညာများ၊ မိမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော မြေသြဇာထုတ်လုပ်မှုနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာများ၊ စက်မှုလယ်ယာနည်းပညာများကိုရရှိနိုင်သည်။ BRICS ဖိုရမ်သို့ဖိတ်ကြားခြင်းခံရသည့်အတွက် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် တိုက်ရိုက်ကုန်သွယ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စွမ်းအင်ဖူလုံရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ကဏ္ဍစုံအတွက် နည်းပညာပံ့ပိုးမှုလမ်းစများ ပွင့်လန်းလာမည်ဖြစ်သည်။

နောက်ထပ်ဝမ်းသာစရာသတင်းတစ်ခုမှာ မြန်မာ၊ ဂျော်ဒန်နှင့်ဘာရိန်းနိုင်ငံတို့ကို ၂၀၂၅ ခုနှစ်တွင် ဗီဇာလိုအပ်ချက်ဖျက်သိမ်းရန်စီစဉ်နေကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်



အထူးစီမံကိန်းများဌာန ညွှန်ကြားရေးမှူးချုပ် Mr.Nikita Kondratyev က ရုရှားမီဒီယာတစ်ခုဖြစ်သည့် TASS နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည့်သတင်းဖြစ်သည်။

ဗီဇာလိုအပ်ချက်ဖျက်သိမ်းခဲ့လျှင် ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်း အနည်းငယ်ပြောပြလိုသည်။ ဗီဇာလိုအပ်ချက်စည်းမျဉ်းများလျော့နည်းသွားသည့်အတွက် ခရီးသွားဧည့်သည်များတိုးလာကာခရီးသွားလုပ်ငန်း၊ဟိုတယ်လေကြောင်းလုပ်ငန်းများတွင်လည်း အကျိုးအမြတ်များပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာလျှင် ခရီးသွားဧည့်သည်များဆီမှဝင်ငွေကြောင့်ဒေသတွင်းစီးပွားရေးတိုးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာမည်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းတွင်လည်း နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့်ဗီဇာအဟန့်အတားကင်းမှုကြောင့်ဆောင်ရွက်နေသည့်လုပ်ငန်းများပိုမိုအဆင်ပြေချောမွေ့နိုင်သည်။ ယဉ်ကျေးမှုဖလှယ်ခြင်းကိစ္စများနှင့် ရုရှားနိုင်ငံရှိ တက္ကသိုလ်များသို့ ပညာတော်သင်စေလွှတ်ခြင်းကိစ္စများတွင်ပိုမိုလွယ်ကူချောမွေ့လာမည်ဖြစ်သည်။ ဗီဇာဖျက်သိမ်းခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနီးကပ်စေမည်ဖြစ်သည်။

အထက်ပါအကြောင်းအရာများသည် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများစွာထဲမှတစ်ခုဖြစ်သော (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံ



တကာစီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရရှိမည့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို လူတိုင်းနားလည်လွယ်အောင် အကြမ်းဖျင်းသုံးသပ်ဖော်ပြထားခြင်းဖြစ်သည်။

**စီးပွားရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးပါပုံ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးသည် အဓိကအရေးပါသောအခန်းကဏ္ဍမှပါဝင်သည်၊ စီးပွားရေးတောင့်တင်းခိုင်မာပါက ကုန်သွယ်ရေးပိတ်ဆို့မှုဒဏ်၊ စီးပွားရေးကျဆင်းမှုဒဏ်၊ ကမ္ဘာ့ကပ်ရောဂါများကြောင့်ဖြစ်ပေါ်သော စီးပွားရေးကျပ်တည်းမှုဒဏ်များကို ခံနိုင်ရည်ရှိပြီး ပြည်တွင်းစီးပွားရေးကို ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။ ပြည်တွင်းလူမှုစီးပွားဘဝမြင့်မားမှုကြောင့် နိုင်ငံသားတိုင်း၏ တစ်ဦးချင်းဝင်ငွေတိုးတက်စေပြီး အလုပ်လက်မဲ့နှုန်းလျော့ကျစေသည်။ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့် နိုင်ငံများအတွက် မိမိနိုင်ငံ၏တည်ငြိမ်သောစီးပွားရေးအခြေအနေသည် စိတ်ချယုံကြည်မှုကို တိုးစေသည်။ နိုင်ငံတကာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးသဘောတူညီချက်များတွင်လည်း မိမိနိုင်ငံ၏စီးပွားရေးအခြေအနေများကြောင့် လွယ်ကူမြန်ဆန်ကာ အခွင့်အလမ်းများ တစ်ခုပေါ်တစ်ခုဆင့်ပေါ်ပေါက်လာနိုင်ပေသည်။ စီးပွားရေးတောင့်တင်းခိုင်မာခြင်းသည် မိမိနိုင်ငံ၏ နိုင်ငံရေးနှင့် ကာကွယ်ရေးကဏ္ဍတို့တွင်ပါ တိုက်ရိုက်အချိုးကြမည်ဖြစ်သည်။

အနှစ်ချုပ်ရသော်စီးပွားရေးတောင့်တင်းခိုင်မာမှုနှင့် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်ဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံအကျိုးစီးပွား အရှိန်အဟုန်ဖြင့်တိုးမြင့်စေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မိတ်ဖက်နိုင်ငံများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

https://www.reuters.com/business/energy/russia-signs-investment-deal-with-myanmar-sees-offshore-oil-gas-prospects-2025-06-20/

https://tass.com/economy/1977721

https://eec.eaeunion.org/en/news/eldar-alisherov-nash-dialog-prizvan-sodeystvovat-dalneyshemu-rostu-tovarooborota-stran-eaes-i-myanmy/

https://en.iz.ru/en/1908962/2025-06-23/russia-plans-cancel-visas-three-countries-2025

# ဧရာဝတီမြစ် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ




ပြည် ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကမ်းနားလမ်းဘေး ဧရာဝတီမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင်လ ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဧရာဝတီမြစ်အတွင်း သဘာဝရေချိုငါးမျိုးပြုန်းတီးမှုမရှိစေရေးအတွက် ၂ လက်မအရွယ် ငါးကြင်းရွှေဝါကောင်ရေ ၇၅၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၇၅၀၀၀ တို့အား ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ပြည်မြို့၌ ဖွင့်လှစ်ထားသည့် ဒေသထွက်ကုန်အရောင်းစင်တာအား သွားရောက်ကြည့်ရှုအားပေးပြီး ဒေသတွင်း MSMEs အမယ်သစ်များဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ရရှိရေးဆောင်ရွက်ပေးခြင်းနှင့်အတူ သက်ဆိုင်ရာကုန်ပစ္စည်းများအလိုက် ထောက်ခံချက်ရှိနိုင်ရေးနှင့် ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

ကျန်းမာရေးဝန်ကြီးဌာနသည်ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၆-၇-၂၀၂၅)ရက်ည ၈ နာရီမှ (၁၃-၇-၂၀၂၅) ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၃၅ ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့်ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**



# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၅ ခုနှစ်မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ရတနာသိဒ္ဓိရပ်ကွက် သံတောင်လမ်းနှင့် သံတောင်(၁)လမ်းထောင့် မြေကွက်လပ်နှင့် လယ်ဝေးလမ်းထောင့် မြေကွက်လပ်တို့၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များကိုစိုက်ပျိုးပေးပြီး အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များဖြစ်သည့် မန်ကျည်းနှင့် တမာပျိုးပင်များအား အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# အဆင့်မြင့်အရာထမ်းသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၄**

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၇) သင်တန်းဖွင့်ပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်က ဝန်ထမ်းအဖွဲ့အစည်း၏ ကျောရိုးသည် စည်းကမ်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များအပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို တိတိကျကျလိုက်နာစောင့်ထိန်းကာ ပါတီနိုင်ငံရေးကင်းရှင်းအောင် ပြုမူနေထိုင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင်လ ၁၄ ရက်မှ စက်တင်ဘာလ ၁၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ စာရေးဝန်ထမ်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၄**

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၁၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရှိရတနာသိင်္ဃခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၂၃ ဦး၊ သင်တန်းသူ ၂၅၀ ဦး စုစုပေါင်း ၃၇၃ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင်လ ၁၄ ရက်မှ စက်တင်ဘာလ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၀ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၀ | ၃၀၄၅ | ၃၀၅၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၅၆၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၀ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၃၅ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | ၄၈၃၀ | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | - | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၇၉ |
| 95 Ron | ၂၈၄၂ | ၂၉၃၃ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၉၀ | ၃၁၈၁ |
| HSD (10 ppm) | ၃၀၉၀ | ၃၁၈၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အင်အားအနည်းငယ်ရှိသော မြေငလျင်များ လှုပ်ရှား

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့နံနက် ၇ နာရီ ၄ မိနစ် ၀၆ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(မိုင်းခတ်မြို့၏ အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၃၃ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ထို့ပြင် ယနေ့ မွန်းလွဲ ၂ နာရီ ၃၆ မိနစ် ၃၈ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ မြောက်ဘက် ၂၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မိုင်းခတ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၆၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၆၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လတစ်လတာကာလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်၌ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်လှလှဌေး၏ပြောပြချက်အရ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက အုန်းသီးအလုံးရေ ၅၅၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ခန့် တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေရော ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဇွန်လတစ်လတာကာလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ခန့် တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာ ရန်ကုန်ဈေးကွက်ကနေ ဒေသထွက်အုန်းသီးတွေ ဝယ်လိုအားကောင်းနေပါတယ်။ ပြည်တွင်းမှာ အုန်းသီးဝယ်လိုအားကောင်းနေတယ်လို့သိရပါတယ်။ လက်ရှိအုန်းသီးဈေးက စိုက်ပျိုးသူတွေအဆင်ပြေတဲ့ဈေးနှုန်းဖြစ်ပါတယ်"ဟု ဒေါ်လှလှဌေးကပြောသည်။

ဓနုဖြူမြို့နယ်မှ အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအနု၊ အုန်းသီးအခွံခွာ၊ အုန်းသီးအခွံပါစသည်တို့ကို ကုန်တင်ယာဉ်၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက်အုန်းသီးများ ဈေးကောင်းရရှိလာခြင်း၊ ဝယ်လိုအားကောင်းလာခြင်းတို့ကြောင့် အုန်းခြံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

သုတကျော်



# တာမွေမြို့နယ်၌ မြန်မာအီလက်ထရွန်နစ်မဲပေးစက်( MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်၌ မြန်မာအီလက်ထရွန်နစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၁၄ ရက်တွင် တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးသော်ကအောင်က တက်ရောက်လာကြသူများအား သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများက မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM)ဆိုင်ရာ မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ တာမွေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး အဆိုပါသင်တန်းကို သင်တန်းအမှတ်စဉ်အလိုက် နှစ်ရက်သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ထက်တံခွန်(ပြန်/ဆက်)

# ဖာပွန်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဖာပွန် ဇူလိုင် ၁၄

ကရင်ပြည်နယ် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဇူလိုင်လ ၁၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်ပြောကြားသည်။

ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၁၅ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

# ပွင့်ဖြူမြို့နယ်၌ မိုးကြိုပဲတီစိမ်းဧက ၃၁၀၀ ခူးဆွတ်ပြီးစီးကာ တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်းခန့်ထွက်ရှိ



ပွင့်ဖြူ ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ မိုးကြိုပဲတီစိမ်းဧက ၃၁၀၀ ခူးဆွတ်ပြီးစီးကာ တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်းခန့်ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်တွင် မိုးကြိုပဲတီစိမ်း ၆၃၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဇူလိုင်လပထမပတ်က စတင်ခူးဆွတ်ခဲ့ရာ လက်ရှိတွင် ဧက ၃၁၀၀ ခူးဆွတ်ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးကြိုကာလမှာ ပွင့်ဖြူမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်း ၆၃၉၁ ဧကစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေကို ဇူလိုင်လပထမပတ်ကစပြီး ခူးဆွတ်ခဲ့ပါတယ်။ လက်ရှိမှာ ဧက ၃၁၀၀ ခူးဆွတ်ပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ အထွက်နှုန်းကောင်းမျိုးတွေကိုစိုက်ပျိုးကြဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ မြေဩဇာနှင့်စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ သီးနှံအချိန်မီရိတ်သိမ်းနိုင်ရေးနှင့် ရိတ်သိမ်းပြီးသီးနှံများ အရည်အသွေးကောင်းမွန်အောင် စနစ်တကျသိုလှောင်သိမ်းဆည်းရေး စသည့်စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် တောင်သူများ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁၄

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ ရာဇမဏိစူဋာကောင်းမှုတော်စေတီတော်၊ ဆွမ်းဦးပုညရှင်စေတီတော်၊ ရတနာစေတီဆင်များရှင်ဘုရား၊ ထူပါရုံစေတီတော်နှင့်မဟာစေတီများရှိငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေသည့်အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ ရတနာဒီပံချောင်ကျောင်းတိုက်၊ ပထမဂန္ဓာရုံကျောင်းတိုက်နှင့် ရွှေစေတီကျောင်းတိုက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောသာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေတို့ကိုလည်းကောင်း၊ စိန်ကုန်ရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံ အပြိုအပျက်များကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်ရှိဇိနောဒယပရိယတ္တိစာသင်တိုက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကာရုဏိကနှင့် ဆရာတော်သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲတို့အား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဇိနောဒယပရိယတ္တိစာသင်တိုက်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများကို တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးဆေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သိမ်ကျောင်းအား တပ်မတော်သားများမှ အင်တိုက်အားတိုက်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအားလည်းကောင်း၊ အာနန္ဒာမြတ်စွာဘုရားအတွင်း စေတီတော်အထက်ပိုင်းရှိ အပျက်အစီးများဖယ်ရှားရှင်းလင်းနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်ကြသူများအား စားသောက်ဖွယ်ရာများပေးအပ်ကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့သွားရောက်၍ ရှင်းလင်းရန်ကျန်ရှိနေသည့် “A” ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများအားလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ လျှပ်စစ်မီးကြိုးများအား စနစ်တကျကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ နေ့စဉ်အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှုမဖြစ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးတို့အားမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ်၊ (၃၁)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

၂၀၂၅ ခုနှစ်၊ (၃၁)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်း၌ာနချုပ်အားကစားခန်းမ၌ ပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း(၁၂)သင်းဖြင့် ဇူလိုင်လ ၁၈ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



၂၀၂၅ ခုနှစ်၊ (၃၁)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ ကျင်းပစဉ်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး လက်ခံတွေ့ဆုံ

## ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ချိတ်ဆက်၍ ကုန်သွယ်မှုလမ်းကြောင်းသစ်တိုးချဲ့ရေးဆွေးနွေး



နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Fund RC– Investments) ၏ ညွှန်ကြားရေးမှူး Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ချိတ်ဆက်၍ ကုန်သွယ်မှုလမ်းကြောင်းသစ်တိုးချဲ့ရေး၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရေး၊ အရည်အသွေးကောင်းမွန်သော သဘာဝမြေဩဇာများ တင်သွင်းရေး၊ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးနည်းပညာများမျှဝေရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး




နေပြည်တော် ဇူလိုင် ၁၄

နေပြည်တော်အတွင်း ငလျင်ဒဏ်ကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ်များ၊ လုံးဝပျက်စီးနေအိမ်များအနက် ဝါးထရံကာအိမ်၊ တစ်ထပ်ပျဉ်ထောင်အိမ်၊ နှစ်ထပ်ပျဉ်ထောင်အိမ်နှင့် တိုက်ခံအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့နယ်အတွင်းရှိ နေအိမ်များအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် သုံးတန်ကူးကျေးရွာ၌ ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကို ထိန်းသိမ်းနိုင်ရန် ကမ်းထိန်းနံရံဆောင်ရွက်နေမှုကိုလည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်အောင်မြင်ဆည်ပင်မတမံနှင့် ကုန်းကြောတမံများပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီးလိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ပြန်/ဆက်)

# နယူးဒေလီမြို့၌ ဆဋ္ဌမအကြိမ်မြောက် လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲဦးဆောင်ကော်မတီ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအေးကျော် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင်လ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ–အိန္ဒိယ လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲဦးဆောင်ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၉ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အိမ်ရာနှင့်မြို့ပြရေးရာဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် H.E. Shri Manohar Lal ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံလျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ–အိန္ဒိယ လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သတ္တမအကြိမ်မြောက် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ပူးတွဲဦးဆောင်ကော်မတီအစည်းအဝေးတို့သို့ တက်ရောက်ခြင်း၊ မြန်မာ–အိန္ဒိယ နယ်စပ်ဖြတ်ကျော်ဗို့အားမြင့်ဓာတ်အားလိုင်း စီမံကိန်းဆိုင်ရာ စီမံကိန်းအသေးစိတ်အစီရင်ခံစာပြုစုခြင်း သဘောတူညီချက် (Agreement for preparation of Detailed Project Report– DPR) လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့သည် ဇူလိုင်လ ၁၀ ရက်တွင် နယူးဒေလီရှိ Power Grid Cooperation ၏ National Control Center ကိုလည်းကောင်း၊ ဇူလိုင်လ ၁၁ ရက်တွင် နိုက်ဒါရှိ National Thermal Power Cooperation ၏ Technical Research and Training Center နှင့် Solar Hybrid Farm ကိုလည်းကောင်း၊ ဇူလိုင်လ ၁၂ ရက်တွင် အာဂရာရှိ Power Grid Cooperation ၏ ၈၀၀ ကေဗွီ၊ High Voltage Direct Current (HVDC) ဓာတ်အားခွဲရုံကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

မြဝတီ



# ဝန်ကြီးဌာနများ၌ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားများကျင်းပ




**နေပြည်တော် ဇူလိုင် ၁၄**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်းများနှင့် အမှုထမ်းများက မင်္ဂလာကန်အတွင်းသို့ ကြီးထွားနှုန်းမြန်ဆန်သည့် ငါးခုံးမနှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀ ကျော် စိုက်ထည့်ပေးကြသည်။

စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက် ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၃၀) ပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး လျှိုပိတ်ဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ငါးကျည်း၊ ထိုင်းငါးခုံးမစသည့် ငါးသားပေါက်ကောင်ရေ ၁၅၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ထို့အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ပရိဝုဏ်အတွင်းရှိ တစ်ဖက်ပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာနမှပံ့ပိုးသည့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးပေးသော ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို စိုက်ထည့်ပေးကြသည်။

မြဝတီ

## ၁၄-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁˚c |
| ရန်ကုန် | ၂၅˚c | / | ၃၁˚c |
| မန္တလေး | ၂၆˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်ဇုန်(၁)ရှိ Star World Hotel ရှေ့ ရာဇသင်္ဂဟလမ်းမကြီးဘေး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင် ၁၅၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ဝ၄ဝဝ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ–ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှဦးဝိစာရ–ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ဝ၅ဝဝ အချိန်မှ ၁၈ဝဝ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံအထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ဝ၅ဝဝ အချိန်မှ ၁၈ဝဝ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအားဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်းလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Danubyu Township sells over 66,000 baskets of Pakhan paddy to Yangon

DANUBYU July 14

Up to 66,000 baskets of Pakhan rice were shipped to the Yangon market in May, said Daw Thuzar Win, a rice wholesale dealer from Danubyu Township, Ayeyawady Region.

Danubyu Township shipped over 66,000 baskets of Pakhan rice to the Yangon market.

"Danubyu Township transported 66,000 baskets of Pakhan rice in a month. The Pakhan rice shipped from Danubyu Township to the Yangon market is of good quality. The Pakhan rice is a type of rice that has low quality. The sale has increased because the Yangon market buyers are buying it. The current paddy price is also rising. The paddy market is buying up the paddy from the local market," she said.

The good trading of the paddy has created job opportunities for farmers, traders, cargo workers, and truck rental entrepreneurs.

SK



# Mawlamyinegyun Township sells farmed catfish to Yangon market



MAWLAMYINEGYUN July 14

Mawlamyinegyun Township, Ayeyawady Region, sold 57,000 viss of farmed catfish to the Yangon market said Daw Soe Soe, a fish market trader in Mawlamyinegyun Township.

Mawlamyinegyun Township transported 57,000 viss of farmed catfish to the Yangon market. The fish caught at a good price is making convenience for the people in the fishing industry.

"The export is irregular depending on the purchase from Yangon. Currently, the area is producing farmed catfish. This catfish is a fish that is widely consumed domestically. Although the trade was good, the price remained normal. Bogale Township transported all its seafood products to Yangon in addition to the local market. They are selling it at a high price in Yangon. Since the price is good, the traders can give the fishermen a good price," she said.

The price of 10 visses of farmed catfish produced in Mawlamyinegyun is ranged from Ks-145,000 to Ks-165,000.

SMK

# Myaung Township finishes harvest of paddy

MYAUNG July 14

Local farmers have harvested all sown acreage of summer paddy in Myaung Township of Sagaing Region, according to the Township Agriculture Department.

In Myaung Township, during this year's summer crop season, summer paddy was cultivated on a total of 2,712 acres. Harvesting of the cultivated summer paddy fields began in May this year, and as of today, 100 percent of the acres have been fully harvested, with an average yield of 84.98 baskets per acre.

Daw Thida Lwin, Head of the Sagaing District Agriculture Department, disclosed: "This year, a total of 2,712 acres of summer paddy were cultivated in Myaung Township during the summer crop season. Currently, all of the cultivated fields have been completely harvested. The cultivated area even exceeded the initially planned acreage. Farmers received agricultural technical support, pest prevention awareness, and guidance to prevent crop losses and ensure timely and sheltered post-harvest handling."

To help improve yield per acre and achieve target production levels, good quality and pure seed varieties were distributed to the summer paddy farmers in Myaung Township. In addition, agricultural pamphlets were distributed, farmer training sessions and awareness discussions were conducted, and timely delivery of necessary agricultural inputs was arranged.

Senior farmers have also been encouraged to cooperate with the Agriculture Department in advance planning — including preparation for the timely planting of summer paddy and other crops after the monsoon paddy and monsoon crop harvests. This includes following official guidelines for early pest and disease prevention, engaging in soil nutrient replenishment activities, and advance preparation of quality seeds.

SK

# Cultivation of more than 3,000 acres of rain-fed sesame planted in Mingin Township

MINGIN July 14

More than 3,000 acres of rain-fed sesame has been planted in Mingin Township of Sagaing Region, according to the statistics of Mingin Township Agriculture Department.

During the 2025-2026 monsoon cropping season, a plan was set to cultivate 21,257 acres of rain-fed sesame in Mingin Township. Planting began in June this year, and as of today, a total of 3,001 acres have already been cultivated.

"This year, during the monsoon cropping season, over 20,000 acres of rain-fed sesame are planned to be cultivated in Mingin Township. So far, more than 3,000 acres have been completed. We are actively working to ensure that the full target acreage is achieved," said Daw Hayman Kyaw Win, Head of the Township Department of Agriculture in Mingin.

This year, the Mingin Township Department of Agriculture is providing farmers cultivating rain-fed sesame with technical knowledge on expanding cultivation, proper planting methods, using GAP techniques, and growing high-quality, pure seeds and high-yield varieties.

It is noted that crops produced under the GAP system have higher quality compared to those grown using other methods, can fetch higher prices, and are marketable not only domestically but also internationally. As a result, farmers who adopt GAP methods can benefit economically, leading to improvements in their socio-economic status.

SMK

# Over 3,000 acres of cotton cultivated as monsoon crops in Monywa Township this year

MONYWA July 14

Local farmers have grown more than 3,000 acres of cotton as monsoon crops in Monywa Township of Sagaing Region this year, according to the statistics of Monywa Township Agriculture Department.

During the 2025-2026 monsoon crop season, it is planned to cultivate 17,837 acres of cotton in Monywa Township, and planting began in May of this year. As of today, a total of 3,235 acres have already been planted.

"It is planned to cultivate over 17,000 acres of cotton in Monywa Township during this year's monsoon crop season. So far, over 3,000 acres have already been planted, and planting is still ongoing. In order to ensure farmers can easily plant on time with quality cotton seeds, pure and good-quality seeds are being provided," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

This year, the Monywa Township Department of Agriculture is supporting cotton farmers by ensuring access to high-quality seeds, providing preventive measures against pests and diseases, ensuring proper cultivation techniques, and organizing technical training sessions to help increase yields and improve the success of cotton production.



The average cost of cultivation per acre is about Ks-350,000, and the expected yield per acre is around 1,000 viss of cotton.

In addition, intercropping cotton with crops such as onions and pigeon peas is practiced, which helps generate additional income from multiple crops.

In Sagaing Region, local farmers from 19 townships of Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts are successfully producing cotton crops.

**SMK**

# KhinU Township plants more than 2,000 acres of maize and sweet corns this year

KHINU July 14

This year, local farmers have completed cultivation of over 2,000 acres of maize and sweet corns in KhinU Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025-2026 monsoon crop season, local authorities earmarked cultivation of 6,496 acres of maize in KhinU Township — 1,005 acres of maize and 5,491 acres of sweet corns. Planting began in June this year, and as of today, a total of 2,658 acres — 101 acres of maize and 2,557 acres of sweet corns — have already been cultivated.

"The plan for this year's monsoon season in KhinU Township is to grow over 6,000 acres of maize and sweet corns. So far, more than 2,000 acres have already been planted. Efforts are being made to ensure the target acreage is fully met. To ensure the success of maize crops, awareness campaigns are being carried out to prevent pest and disease outbreaks," said U Nay Win Naing, Head of the Department of Agriculture, KhinU Township.

This year, the Department of Agriculture in KhinU Township has been conducting training sessions for farmers cultivating seed and sweet corn, organizing field demonstrations, and carrying out preventive measures against stem borers and other pests. Use of neem-based pesticides and natural pest repellents like ginger and chili Agricultural awareness campaigns are ongoing.

It is reported that maize yields over 50 baskets per acre, with a production cost of about Ks-500,000 per acre, and sweet corn yields about 15,000 ears per acre, also with a production cost exceeding Ks-500,000 per acre.

**SMK**

# Maubin Township dispatches a large number of egg to Yangon market



MAUBIN July 14

Local businesspersons from Maubin Township of Ayeyawady Region sent a large number of egg to Yangon market in May this year, said Daw Thuza Myint, the owner of livestock product trading centre in Maubin Township.

They sold 65,000 eggs to Yangon market.

"From our side, we mostly export and sell local products to the Yangon market. Over the past month, we have exported and sold a large number of chicken eggs. Even now in June, egg prices remain high, and the trading is going well. The main reason for the good egg prices this year is due to a decrease in the number of people raising layer chickens in the region," said Daw Thuza Myint.

In Maubin Township, those involved in the layer chicken farming business raises between 1,500 and 2,500 chickens per farm. The locally produced eggs are properly cleaned and packed in trays before being exported mainly to the Yangon market.

**SK**

# Farmers complete harvest of sweet corns in KhinU Township

KHINU July 14

All sown acreage of sweet corns planted last winter has been harvested in KhinU Township of Sagaing Region, according to the Township Agriculture Department.

In KhinU Township, during the winter crop season, a total of 5,705 acres of sweet corn were cultivated. It was reported that harvesting of these sweet corn plantations began in January of this year and has now been fully completed, achieving 100 percent harvest completion. The average yield was reported to be 12,631.28 cobs of corn per acre.

"The winter crop season in KhinU Township saw the cultivation of sweet corn across 5,705 acres. At present, harvesting has been fully completed on all cultivated acres. The cultivation area even exceeded initial projections. In order to ensure the success of the sweet corn crop, farmers were provided with education and training to prevent pest and disease outbreaks. Year by year, sweet corn cultivation has been improving," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

In KhinU Township, the Department of Agriculture has provided various support activities to sweet corn farmers, including training sessions, field demonstrations, preventative pest control against fall armyworms, and integrated pest management techniques. Farmers were also educated on the use of bio-pesticides such as neem-based sprays and natural remedies using ginger and chili.

It was also reported that sweet corn cultivation in the township yields around 15,000 ears per acre, and the estimated cost of cultivation per acre is over Ks-500,000.

**SK**

# Russia prepared for 3rd round of talks with Ukraine - Kremlin

MOSCOW July 14

Russia is prepared for the third round of talks with Ukraine, Kremlin spokesperson Dmitry Peskov announced on Monday.

"The Russian side is ready to continue and hold the third round," Peskov told reporters.

Russia still awaits a proposal on the timing of the next round, but Kiev is clearly in no hurry, the official added.

Kremlin spokesman Dmitry Peskov said on July 1 that the dates of the third round of negotiations between Russia and Ukraine were being agreed upon.

Later, Kremlin aide Yuri Ushakov said that Russia was ready for the third round of negotiations with Ukraine.

Russia and Ukraine held two rounds of talks in Turkey. The first talks in more than three years took place on May 16 in Istanbul. The second round of negotiations between Russia and Ukraine was held on June 2. The meeting at the Ciragan Palace in Istanbul lasted more than an hour. The parties exchanged memorandums on the settlement of the conflict and agreed on a large-scale exchange of prisoners.

**Sputnik**




# Spanish airline Air Europa resumes flights to Israel

JERUSALEM July 14

Spanish airline Air Europa resumed its flights to Israel on Monday, with a flight departing from Madrid Barajas Airport and landing at Ben Gurion Airport near Tel Aviv.


The airline suspended its service after the recent fighting between Israel and Iran, when the Israeli airspace was temporarily closed.

Aegean Airlines, Greece's national carrier, is scheduled to resume flights on Tuesday, followed by U.S. carrier United Airlines on July 21, and Bulgaria Air on July 31. On June 13, Israel launched major airstrikes on several areas in Iran, including nuclear and military sites, killing senior commanders, nuclear scientists, and civilians. Iran responded with multiple waves of missile and drone attacks on Israel.

Following 12 days of war, a ceasefire between Iran and Israel was achieved on June 24.

**Xinhua**

## 9 dead, dozens hospitalized in fire at assisted living home in U.S. Massachusetts



WASHINGTON July 14

Nine people are dead and dozens of others were hospitalized after a fire at an assisted living facility in Fall River in the U.S. state of Massachusetts on Sunday night, according to the Fall River Fire Department.

During a Monday morning news conference, Fall River Fire Chief Jeffrey Bacon confirmed that nine people died and more than 30 people were taken to the hospital, including one with critical injuries.

"We had an unspeakable tragedy here in Fall River last night. Our thoughts and prayers are with the families of the victims. I'm prepared to tell you that nine people lost their lives in this building last night," Bacon said. "We have one in critical condition, but we had over 30 transported."

Firefighters responding to the Gabriel House on Oliver Street around 9:30 p.m. on Sunday local time (0130 GMT Monday) found heavy fire at the main entrance of the building, according to the Fall River Fire Department.

Five firefighters sustained minor injuries during the operation. There were about 70 residents inside the building.

A family center was established at St. Anne's Hospital to assist families in reuniting with loved ones.

Fire investigators from the Fall River Fire Department and the State Fire Marshal's Office are working to determine the cause of the fire.

**Xinhua**

# Plane crashes in UK

LONDON July 14

A Beechcraft B200 aircraft has crashed in Essex, UK, soon after taking off from London Southend Airport. The incident took place around 16:00 local time on Sunday and was caught on video, which was later published on social media.

Clips show plumes of thick black smoke rising into the sky from a field near the runway. Photos allegedly taken moments after the crash show a big explosion, with a huge fireball rising into the air.

The number of people onboard the small passenger plane remains unclear. Southend Airport as well as the Essex police confirmed the incident but as yet there has been no confirmation of casualties. "We were alerted shortly before 4pm to reports of a collision involving one 12-meter plane. We are working with all emergency services at the scene now and that work will be ongoing for several hours," the police said in a statement.

Four ambulances, four hazardous area response team vehicles and an air ambulance were deployed to the scene, according to the local medical service. The police evacuated the Rochford Hundred golf club and Westcliff rugby club as a precaution due to their proximity to the crash site.

The aircraft was scheduled to fly to the town of Lelystad in the Netherlands, according to British media reports. London Southend Airport is located around 60km from central London.

**RT**

# 6 killed, 27 injured as passenger bus falls into gorge in E. Pakistan

ISLAMABAD July 14

At least six people were killed and 27 others injured when a passenger bus fell into a gorge on a motorway in Pakistan's eastern Punjab province around midnight Sunday, police said on Monday.

The accident occurred when the bus, with 41 passengers on board, overturned and plunged into a gorge, Saqib Waheed, a spokesperson of the Motorway Police, told Xinhua.

Five people, including four women, died on the spot, while another succumbed to injuries at a hospital.

Waheed said the investigations indicated that the accident occurred due to the driver's negligence amid slippery road conditions caused by rain.

Road accidents in Pakistan have become an alarming issue, with a significant increase in both frequency and severity over the years.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# What Is a Solar Power Plant and Why Is It Important?

A solar power plant uses sunlight to get energy. As the sunlight is ample and renewable, one can use it to power up the home and business premises. If you install a solar power plant , you might need to spend upfront. However, it will minimize your energy consumption significantly.

More importantly, it will reduce the dependency factor. That means you can power up your home in an emergency without relying on your electric grid. You can use renewable energy to generate electricity. The generated electricity can be used for cooling, heating, and many other purposes.

You can use this clean alternative without causing any water and air pollution. You will not contribute to global warming as well. The key benefit of a solar plant is that it will minimize your energy consumption and it will save you a lot on your energy consumption.

As the sunlight is enormous, you will not face any difficulty to generate energy to power up your home. The solar plants will convert the sunlight into energy. Therefore, you will not be troubled by blackouts. There are different types of solar plants.

**Types of Solar Power Plant**

Mostly two key technologies have been used to use solar power to generate energy. These are photovoltaic solar technology and solar thermal technology. The photovoltaic technology will directly convert the sunlight into electricity, while the solar thermal technology will capture the heat of the sun. After capturing the heat, it will be converted into mechanical energy, and then it will turn into electricity. The photovoltaic technology will use panels of semiconductor cells to directly generate electricity. Let's know more about these types.

The photovoltaic panels are designed to power up electrical devices. But the solar thermal collectors are made to heat your homes. The photovoltaic options can power up more than hundreds of acres of land. They can produce electricity for power grids.

**Solar Photovoltaic Power Plant**

Photovoltaic power plants are also known as the PV. They convert sunlight into electricity. This type uses photovoltaic cells. These cells are made using silicon alloys. These panels are available in different forms. Some popular forms are crystalline solar panels and thin-film solar panels. PV options are preferred since it enables to store the solar energy into batteries. It can feed into the national grid as well. The PV plants will need inverters for transforming the power from the DC into the AC.

As mentioned above, PV panels usually come from semiconductor material. When the photons of sunlight will hit the material, free electrons will be generated. The free electrons will flow through the material to generate a direct electrical current. The entire process is known as the photoelectric effect. The DC will be converted into AC by using an inverter, and finally, it will be fed into the grid. The PV panels are different from the solar thermal plants. They use photo effects. However, thermal plants use liquid heat-carrying ways. The benefit of PV panels is that they do not focus on energy. Instead, they convert photons into energy.





**Solar Thermal Power Plant**

Solar thermal power plants collect sunlight in such a way that they can generate electricity. These are subdivided into three types. These are linear, solar dish power plants, and parabolic trough solar thermal. The most common ones are the linear collectors or solar dishes. These types normally consist of parallel rows.

The solar thermal power plant will produce heat from the sunlight. It will operate below 100 °C temperatures. The installations are available for residential and commercial properties. The generated heat can be used for different types of industrial needs. The CHINT uses the right technologies to create a better solution for commercial and residential usage. They use solar thermal collectors. The solar thermal collectors absorb the heat from the sunlight and then transfer the heat to a heat transfer fluid that includes water, antifreeze, and air. The fluid will be transported to the heat intended areas.

What's the Difference Between Solar Thermal Power Plant and Solar Photovoltaic Power Plant?

Both solar thermal power and solar photovoltaic plants use the direct solar energy source. In the following, we will make a fair comparison of both to know which one can be a better choice.

**Technology**

The major difference between these plants is the technology. When the PV plants are based on the photovoltaic effect, the solar thermal utilizes sunlight to heat any fluid that might be water or air depending on the application.

**Use**


PV plants generate energy from solar energy directly. The thermal systems will heat the fluid to transport the energy. The generated heat can be used to run a gas turbine, steam engine, or similar things. The capacity of the PV systems is 500 MW. But the capacity of the thermal systems is even lower than 400 MW. The main use of the residential solar thermal plant is water heating. However, the residential PV systems generate DC electricity from the solar energy directly.

**Conclusion**

Now you know what a solar plant is and why you need one. You are also aware of the two popular types of solar plants. If you are looking for a versatile option, you can go with PV systems. Solar thermal systems can be great if you want a reliable source within a restricted space.

**CG**

# အလုံးစုံအာမခံပါ ပါဝင်လာတဲ့ BYD ရဲ့အလိုအလျောက် ပါကင်ထိုးစနစ်



လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) ဈေးကွက်မှာတော့ တရုတ်နိုင်ငံရဲ့ BYD က မြင့်မားတဲ့စွမ်းဆောင်ရည်နဲ့အတူ အာမခံချက်အရှိဆုံးသော ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်လာနေပါတယ်။ အခုနောက်ဆုံးအနေနဲ့ BYD ကုမ္ပဏီက God's Eye လို့ခေါ်တဲ့ အဆင့်မြင့်ယာဉ်မောင်းထောက်ပံ့ရေးစနစ်ကိုဖန်တီးထားပါတယ်။ ဒီဖန်တီးမှုရဲ့တစ်စိတ်တစ်ပိုင်းအဖြစ် L4-level မောင်းသူမဲ့စနစ်လည်း ပါဝင်ပါတယ်။ ထူးခြားချက်တစ်ခုကတော့ BYD က သူတို့ရဲ့ထုတ်ကုန်ကိုအာမခံတဲ့အနေနဲ့ အလုံးစုံအာမခံကိုပါ ထည့်သွင်းပေးထားတာပါ။

ဒီစနစ်ထဲမှာ အဆင့်မြင့်မားလှတဲ့ ပါကင်ထိုးစနစ်များပါဝင်ပြီး အရှိန်နှုန်းသုံးမျိုးနဲ့ပါကင်ထိုးတဲ့လုပ်ဆောင်ချက်ဖြစ်ပါတယ်။ အဲဒီလုပ်ဆောင်ချက်ထဲမှာ အသုံးပြုသူရဲ့အတွေ့အကြုံကိုလည်း မြှင့်တင်ထားပါတယ်။ ဒီအတွက်အသုံးပြုထားတဲ့ L4 စနစ်ဆိုတာကတော့ ယာဉ်တစ်စီးအနေနဲ့ ယာဉ်မောင်းသူရဲ့လုပ်ဆောင်ချက်တစ်စုံတစ်ရာမလိုအပ်ဘဲ ယာဉ်မောင်းနှင်မှုလုပ်ငန်းများအားလုံးကို အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းကိုဆိုလိုတာပါ။ ဒါ့အပြင် ကြိုတင်သတ်မှတ်ချက်ပေးထားပြီးတော့လည်း သူ့ကိုခိုင်းစေနိုင်ပါတယ်။

BYD ကုမ္ပဏီက သူ့ရဲ့ God's EYE စနစ်အပေါ် သိပ်ကိုယုံကြည်ထားတယ်လို့ သတင်းထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ မကြာသေးမီကထွက်ပေါ်လာတဲ့ အွန်လိုင်းထုတ်ပြန်ချက်တစ်ခုအရ အသုံးပြုသူတွေအနေနဲ့ BYD ရဲ့ God's EYE B နဲ့ C စနစ်တွေကို မကြာခင်မှာ အဆင့်မြှင့်တင်နိုင်တော့မှာဖြစ်တယ်လို့ ပြောထားတာတွေ့ရပါတယ်။

BYD က သူတို့ရဲ့ L4 ပါကင်ထိုးစနစ်ဟာ နိုင်ငံတကာစံချိန်စံညွှန်းတွေအတိုင်းဖန်တီးထားတာဖြစ်တယ်လို့ဆိုပါတယ်။ သီးခြားအခြေအနေတွေမှာ ကားအနေနဲ့ ယာဉ်မောင်းရဲ့လုပ်ဆောင်ချက်လုံးဝမလိုအပ်ပါဘဲ ပါကင်ထိုးခြင်းအလုပ်ကို ကိုယ်တိုင်လုပ်ဆောင်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။ တကယ်လို့များ သူတို့စနစ်ကိုအသုံးပြုပြီး ပါကင်ထိုးတဲ့နေရာမှာ မှားယွင်းမှုတစ်ခုခုဖြစ်သွားတယ်ဆိုရင် ယာဉ်မောင်းသူအစား ကားကသာတာဝန်အပြည့်အဝယူသွားမှာပါလို့ BYD ရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပြန်ပါတယ်။

အဲဒီလိုမျိုးတာဝန်ယူမှုထဲမှာ God's EYE စနစ်ကိုအသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ ပြုပြင်မှုကုန်ကျစရိတ်များအားလုံး၊ တတိယအဖွဲ့ရဲ့ပျက်စီးမှုအားလုံး၊ လူပုဂ္ဂိုလ်ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးငွေအားလုံးကို BYD က ပေးလျော်မှုတွေလုပ်ဆောင်သွားမှာဖြစ်တယ်လို့ဆိုပါတယ်။ သူတို့စနစ်ရဲ့မှားယွင်းမှုကြောင့် ဒီလိုမျိုးမတော်တဆမှုဖြစ်လာခဲ့တယ်ဆိုရင်ပေါ့လေ။

အကယ်၍ ဒီလိုမတော်တဆမှုဖြစ်လာခဲ့တယ်ဆိုရင် ယာဉ်မောင်းသူအနေနဲ့ အာမခံကုမ္ပဏီကနေတစ်ဆင့် လျှောက်ထားစရာမလိုဘဲ BYD ကုမ္ပဏီကိုတိုက်ရိုက်ဆက်သွယ်နိုင်တယ်လို့လည်းဆိုပါတယ်။ ဒီလိုမျိုးဆက်သွယ်လာရင် ဘယ်လိုအာမခံငွေသားကိုမျှ ထိခိုက်မှုမရှိဘဲ သီးခြားအာမခံအနေနဲ့ ပေးလျော်မှုတွေလုပ်သွားမယ်လို့ပြောပါတယ်။

BYD အနေနဲ့ God's EYE အဆင့်မြင့်ယာဉ်မောင်းသူအထောက်အပံ့ပေးစနစ်ကို ယခုနှစ်ဖေဖော်ဝါရီလမှာ စတင်မိတ်ဆက်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်ကတော့ သူတို့ထုတ်လုပ်ထားတဲ့မော်တော်ကားတွေအားလုံး ဒီစနစ်ကိုအသုံးပြုနိုင်စေဖို့အတွက်ဖြစ်တယ်လို့ဆိုပါတယ်။

Ref: IE

ကိုထက်

# လျင်မြန်မှုနဲ့ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အတူတည်ရှိနိုင်ကြောင်း သက်သေပြလိုက်တဲ့ပြိုင်ကား



ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာ ဒီကနေ့ခေတ်မှာ အင်မတန်မှအရေးပါတဲ့လုပ်ငန်းတစ်ခုဖြစ်လာပါတယ်။ ပြောရမယ်ဆိုရင် တစ်ခုခုလုပ်မယ်ဆိုတာနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုထည့်သွင်းစဉ်းစားတွက်ချက်ရတဲ့အထိဖြစ်လာပါတယ်။ တစ်ချိန်တည်းမှာပဲ ပြိုင်ကားလောကဆိုတာ လောင်စာဆီကိုအများအပြားအသုံးပြုရတဲ့နယ်ပယ်တစ်ခုဖြစ်ပါတယ်။ ပုံမှန်အားဖြင့်ကြည့်မယ်ဆိုရင် ပြိုင်ကားလောကနဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေတဲ့အရာလို့ဆိုရမှာပါ။

ဒါပေမဲ့ အမေရိကန်မှအင်ဂျင်နီယာကျောင်းသား ၁၄ ဦးပါဝင်တဲ့အဖွဲ့တစ်ဖွဲ့က အမေရိကန်ပြိုင်ကားကလပ်ရဲ့ကူညီမှုနဲ့အတူ စနစ်တစ်ခုကိုဖန်တီးလိုက်ပါတယ်။ သူတို့ဖန်တီးလိုက်တဲ့စနစ်က ပြိုင်ကားတွေကိုအသုံးပြုပေမယ့် တစ်ဖက်မှာလည်းသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေမယ့်နည်းလမ်းဖြစ်ပါတယ်။ အခြေခံသဘောတရားကတော့ လောင်စာဆီသုံးပြိုင်ကားတွေမှာ စွမ်းအင်နှစ်မျိုးပေါင်းစပ်အသုံးပြုနိုင်အောင်လုပ်ဆောင်ခြင်းဖြစ်ပါတယ်။

သူတို့ဖန်တီးလိုက်တဲ့ပြိုင်ကားက လေးဘီးယက်စနစ်နဲ့ပြိုင်ကားဖြစ်ပါတယ်။ ဒါပေမဲ့ သမားရိုးကျပုံစံတော့မဟုတ်ပါဘူး။ ရှေ့နှစ်ဘီးအတွက်ကို လျှပ်စစ်မော်တာအသုံးပြုထားပြီး နောက်နှစ်ဘီးအတွက်ကိုသာ လောင်စာဆီသုံးအင်ဂျင်အသုံးပြုထားတာဖြစ်ပါတယ်။ ဒီစနစ်ရဲ့နောက်ထပ်ထူးခြားမှုတစ်ခုက ကားအတွင်းပိုင်းမှာ ရှေ့ဘီးယက်စနစ်နဲ့နောက်ဘီးယက်စနစ်တို့ကြား ဘယ်လိုမျိုးဆက်သွယ်ချိတ်ဆက်မှုမှ မရှိခြင်းဘဲဖြစ်ပါတယ်။

သူ့မှာ ဘရိတ်ဖမ်းစနစ်ကနေတစ်ဆင့် လျှပ်စစ်စွမ်းအင်ကို ဘက်ထရီထဲအားပြန်သွင်းတဲ့စနစ်လည်း ပါဝင်ပါတယ်။ ဒါ့အပြင် သိုလှောင်သိမ်းဆည်းထားတဲ့စွမ်းအင်ကို လောင်စာဆီသုံးအင်ဂျင်ရဲ့စွမ်းအင်ကို မြှင့်တင်ပေးဖို့အတွက်လည်း အသုံးပြုထားပါတယ်။ ဒါကြောင့် အင်ဂျင်အနေနဲ့ လောင်စာဆီကိုအသုံးပြုထားရပေမယ့်လည်း ဆီစားသက်သာတဲ့အပြင် အရှိန်တင်မှုကို အလွယ်တကူလုပ်ဆောင်နိုင်စေမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အခုဖန်တီးလိုက်တဲ့ကားက လျင်မြန်မှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ အတူယှဉ်တွဲတည်ရှိနိုင်တယ်ဆိုတာကို သက်သေပြလိုက်တာဖြစ်ပါတယ်။

Ref: IE

ကိုထက်

# အခြားနိုင်ငံများနှင့်ဆက်ဆံရေးထက် တရုတ်-ရုရှားဆက်ဆံရေးက ပိုမိုတည်ငြိမ်ပြီးခိုင်မာမှုရှိလာဟု ဝမ်ယီပြော



**ပေကျင်း၊ ဆက်ဆံရေး**

တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြားဆက်ဆံရေးသည် အခြားသောနိုင်ငံများနှင့်ဆက်ဆံရေးထက် ပိုမိုတည်ငြိမ်ပြီးခိုင်မာမှုရှိလာကာ မဟာဗျူဟာမြောက်တန်ဖိုးများကို ထုတ်ဖော်ပြသနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့နှင့်တွေ့ဆုံစဉ် ပြောသည်။

ဇူလိုင်လ ၁၅ ရက်တွင်ကျင်းပမည့် ယူရေးရှားဒေသ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရန် တရုတ်နိုင်ငံပေကျင်းမြို့သို့ရောက်ရှိနေသော ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် ဝမ်ယီက ယခုကဲ့သို့ ပြောခြင်းဖြစ်သည်။ အလားတူ တရုတ်နိုင်ငံသို့ချစ်ကြည်ရေးခရီးလာမည့် ရုရှားသမ္မတဗလာဒီမာပူတင်၏ ခရီးစဉ်သည် နှစ်နိုင်ငံကြားအရေးကြီးသောအစီအစဉ်များ၌ တစ်ခုအပါအဝင်ဖြစ်ကြောင်း ဝမ်ယီကဆက်ပြောသည်။

ထို့ပြင် နှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများကြား နီးကပ်စွာဆက်ဆံမှုက နှစ်နိုင်ငံခေါင်းဆောင်များကြားရရှိသည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေခြင်းဖြစ်သည်ဟု ဝမ်ယီကဆက်ပြောသည်။

ရုရှားသမ္မတဗလာဒီမာပူတင်အနေဖြင့် တရုတ်နိုင်ငံသို့ ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်အထိလာရောက်ကာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးအစည်းအဝေးသို့တက်ရောက်ပြီး တရုတ်သမ္မတနှင့်တွေ့ဆုံမည့်အပြင် ယင်းနိုင်ငံ၌ကျင်းပမည့် တရုတ်နိုင်ငံ၏နှစ် (၈၀) ပြည့် ခုခံစစ်ပွဲအောင်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

Ref: SCMP

# ကမ္ဘောဒီးယားက လာမည့်နှစ်မှစ၍ ပြည်သူ့စစ်မှုထမ်းစနစ်ကို စတင်ကျင့်သုံးမည်




**ဖနွမ်းပင်၊ ပြည်တွင်းရေး**

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် လာမည့်နှစ်မှစ၍ ပြည်သူ့စစ်မှုထမ်းစနစ်ကိုစတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟွန်မာနက်က ဇူလိုင်လ ၁၄ ရက်တွင်ပြောသည်။ အိမ်နီးချင်းနိုင်ငံနှင့် တင်းမာမှုများမြင့်တက်လာရသည့်အခြေအနေသည် နှစ်များစွာကြာကျင့်သုံးခြင်းမရှိသည့် ပြည်သူ့စစ်မှုထမ်းစနစ်ကိုကျင့်သုံးရန် အကြောင်းဖန်လာခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

အသက် ၁၈ နှစ်မှ ၃၀ ကြားရှိ ကမ္ဘောဒီးယားနိုင်ငံသားများအားလုံး နိုင်ငံတော်အတွက် ၁၈ လကြာ စစ်မှုထမ်းရမည်ဟူသောဥပဒေကို ကမ္ဘောဒီးယားလွှတ်တော်က ၂၀၀၆ ခုနှစ်တွင်အတည်ပြုထားပြီးဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတို့သည် နယ်စပ်ပိုင်ဆိုင်မှုအငြင်းပွားပြဿနာနှင့်ပတ်သက်၍ မေလတွင်ပဋိပက္ခဖြစ်ပွားမှုကြောင့် ကမ္ဘောဒီးယားစစ်သည်တစ်ဦး ကျဆုံးသွားသည့်အတွက် နှစ်နိုင်ငံကြားတင်းမာမှုများမြင့်တက်လာရခြင်းဖြစ်ကြောင်းနှင့် ယခုအချိန်အထိ ပြေလည်မှုမရရှိသေးကြောင်းသိရသည်။

Ref:AGC

# ဗြိတိန်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ၊ လူလေးဦးသေဆုံး

**လန်ဒန်၊ မတော်တဆမှု**

ဗြိတိန်နိုင်ငံရှိ London Southend လေဆိပ်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ လိုက်ပါလာသူလေးဦးစလုံး သေဆုံးသွားကြောင်းသိရသည်။ ပျက်ကျမှုဖြစ်ပွားသောလေယာဉ်သည် Beechcraft B–200 အမျိုးအစားလေယာဉ်ဖြစ်ပြီး ဇူလိုင်လ ၁၃ ရက် ညနေ ၄ နာရီတွင် လေဆိပ်မှ ထွက်ခွာပြီးနောက်မကြာမီ ပျက်ကျခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြထားသည်။

အဆိုပါလေယာဉ်ကိုနယ်သာလန်နိုင်ငံမှ Zeusch ကုမ္ပဏီက ပိုင်ဆိုင်ခြင်းဖြစ်ပြီး လူနာများကိုပို့ဆောင်ရေးအတွက် ယင်းလေယာဉ်ကိုအသုံးပြုနေခြင်းဖြစ်သည်။ ထိုလေယာဉ်ပျက်ကျရသည့်အကြောင်းရင်းနှင့်ပတ်သက်၍ တိတိကျကျမသိရသေးကြောင်း၊ လေယာဉ်ပျက်ကျစဉ် လေယာဉ်ပေါ်၌လိုက်ပါလာသူမှာ လူနာဟုတ်၊ မဟုတ်ကိုလည်းမသိရသေးကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: TG

## သတင်းတိုကဏ္ဍ

# ထရမ့်က ယူကရိန်းနိုင်ငံသို့ ပတ်ထရီးယော့ဒုံးကျည်များပို့မည့်အစီအစဉ် အတည်ပြု

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ယူကရိန်းနိုင်ငံသို့ ပတ်ထရီးယော့ဒုံးကျည်များပေးပို့မည့်အစီအစဉ်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။ အမေရိကန်အနေဖြင့် ယူကရိန်းသို့လက်နက်ခဲယမ်းများပေးပို့မှုကို ရပ်တန့်သွားမည်ဖြစ်ကြောင်းကြေညာမှုအပြီး ရက်အနည်းငယ်အတွင်း ပင်တဂွန်က ယင်းဆုံးဖြတ်ချက်ကိုပြန်ပြောင်းပြီးနောက် ထရမ့်က ဇူလိုင်လ ၁၃ ရက်ညနေပိုင်းတွင် ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

ယူကရိန်းသည် အကာအကွယ်ကိုလိုအပ်သည့်အတွက် ထိုစနစ်များကိုပေးပို့မည်ဖြစ်သော်လည်း ဥရောပသမဂ္ဂက ထိုလက်နက်များအတွက် ကျသင့်ငွေပေးရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့လက်နက်များကိုပေးပို့ရခြင်းသည် အမေရိကန်အတွက် စီးပွားရေးပင်ဖြစ်ကြောင်း ထရမ့်ကပြောသည်။

သို့သော် အမေရိကန်က ယူကရိန်းသို့ ပေးပို့မည့်အရာမှာ ပတ်ထရီးယော့စနစ်သို့မဟုတ် ပတ်ထရီးယော့စနစ်အတွက် ဒုံးကျည်ဖြစ်သည်ကို အတိအလင်းပြောထားခြင်းမရှိကြောင်းသိရသည်။ Ref: RT

# ဂျာမနီအနေဖြင့် ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရေး ပြန်လည်ဆွေးနွေးရန် သမ္မတတိုက်တွန်း

ဂျာမနီအနေဖြင့် ပြည်သူ့စစ်မှုထမ်းစနစ်ကိုကျင့်သုံးရေးနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးရန် ဂျာမနီနိုင်ငံသမ္မတဖရန့်ဝေါလတာစတိန်းမီးယားက တိုက်တွန်းလိုက်ကြောင်းသိရသည်။ ဥရောပဒေသတစ်ဝန်း၌ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများမြင့်တက်လာသောကြောင့် ဂျာမနီနိုင်ငံ၏ တပ်မတော်ကို ပိုမိုခိုင်မာအားကောင်းစေရန်တည်ဆောက်ရမည်ဖြစ်ကြောင်း ၎င်းကအလေးပေးပြောထားသည်။

ဂျာမနီနိုင်ငံ၌ ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးခြင်းကို ၂၀၁၁ ခုနှစ်ကတည်းက ဆိုင်းငံ့ခဲ့ခြင်းဖြစ်သော်လည်း လွှတ်တော်၏အတည်ပြုမှုတစ်ခုတည်းဖြင့်ပင် ယင်းစနစ်ကိုပြန်လည်အသက်သွင်းနိုင်သည်။

လက်ရှိ၌ မိမိသဘောဆန္ဒအလျောက်စစ်မှုထမ်းသူအရေအတွက်သည် အင်အားတောင့်တင်းခိုင်မာသော တပ်မတော်တစ်ရပ်ဖြစ်တည်ရေးအတွက် မလုံလောက်သောကြောင့် ပြည်သူ့စစ်မှုထမ်းစနစ်ကို ပြန်လည်ကျင့်သုံးသင့်ကြောင်း၊ စစ်သည်အင်အားတိုးမြှင့်ရရှိရေးကို အစီအစဉ်ရေးဆွဲအကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း ၎င်းကပြောထားသည်။ Ref: RT

# အင်ဒိုနီးရှားနိုင်ငံရှိ တနင်ဘားကျွန်းစု၌ အင်အား ၆ ဒသမ ၉ ရစ်(ခ်)တာစကေးရှိ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံရှိတနင်ဘားကျွန်းစု၌ ဇူလိုင်လ ၁၄ ရက်တွင် အင်အား ၆ ဒသမ ၉ ရစ်(ခ်)တာစကေးရှိ ငလျင်တစ်ခုလှုပ်ခတ်ကြောင်းနှင့် ယင်းငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်နိုင်ခြေမရှိကြောင်း နိုင်ငံ၏မိုးလေဝသနှင့်ဇလဗေဒဌာနက ထုတ်ပြန်ထားသည်။

ယင်းငလျင်သည် မြေအောက်အနက် ၁၀၈ ကီလိုမီတာကိုဗဟိုပြု၍လှုပ်ခတ်ခြင်းဖြစ်ကြောင်း အဆိုပါဌာနကထုတ်ပြန်ထားသော်လည်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့ကမူ ငလျင်သည် မြေအောက်အနက် ၆၆ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ထားသည်။

အဆိုပါငလျင်လှုပ်ခတ်မှုဒဏ်ကို အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ မြို့ငယ်များက လည်းခံစားရကြောင်းနှင့် ပျက်စီးဆုံးရှုံး မှုများနှင့်ပတ်သက်၍ ထုတ်ပြန်ချက်များမတွေ့ရသေးကြောင်း အင်ဒိုနီးရှားသဘာဝဘေးလျော့ပါးရေးအေဂျင်စီက ပြောထား သည်။ အင်ဒိုနီးရှားနိုင်ငံသည် ငလျင်လှုပ်ခတ်မှုကို မကြာခဏခံစားရလေ့ရှိကြောင်း သိရသည်။ Ref: Xinhua

# စပိန်နိုင်ငံ၌အပူလှိုင်းများကြောင့် နှစ်လအတွင်း လူပေါင်း ၁၁၈၀ သေဆုံး

စပိန်နိုင်ငံ၌ဖြစ်ပေါ်သောအပူလှိုင်းများကြောင့် နှစ်လအတွင်းလူပေါင်း ၁၁၈၀ သေဆုံးကြောင်းနှင့် ထိုပမာဏသည် ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်လာခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက ဇူလိုင်လ ၁၄ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါသေဆုံးသူများအနက်အများစုသည် အသက် ၆၅ နှစ်အထက်ရှိသူများဖြစ်ပြီး ထက်ဝက်ကျော်မှာအမျိုးသမီးများဖြစ်ကြောင်း အစိုးရ၏အချက်အလက်များတွင်ဖော်ပြထားသည်။

အပူလှိုင်းဖြစ်ပေါ်မှုကိုအဆိုးဆုံးခံစားရသည့်ဒေသများသည် နိုင်ငံမြောက်ပိုင်းရှိဒေသများဖြစ်သည်။ ယင်းဒေသများသည် ပုံမှန်အားဖြင့်အေးမြသောနွေရာသီကိုသာခံစားရလေ့ရှိသော်လည်း ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အပူချိန်သိသာစွာမြင့်တက်လာမှုကိုခံစားရကာ ရံဖန်ရံခါတွင် အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်အထိပင်ရောက်ရှိကြောင်းသိရသည်။

Ref: RTA

# မေဂျာလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ငါးပွဲဆက် ဂိုးပါဝင်ပတ်သက်မှု နှစ်ကြိမ်နှင့်အထက် ပြုလုပ်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် မက်ဆီ စံချိန်သစ်တင်



**မိုင်ယာမီ ဇူလိုင် ၁၄**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်း တိုက်စစ်ကစားသမား မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ငါးပွဲဆက် ဂိုးပါဝင်ပတ်သက်မှု နှစ်ကြိမ်နှင့်အထက်ပြုလုပ်နိုင်သည့် ပထမဆုံးကစား သမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မေဂျာလိဂ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်တာမိုင် ယာမီအသင်းက နာချီဗီလီအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသောပွဲစဉ်၌ မက်ဆီသည် ပွဲချိန် ၁၇ မိနစ် နှင့် ပွဲချိန် ၆၂ မိနစ်တို့တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် မေဂျာလိဂ်ပြိုင်ပွဲသမိုင်း တစ်လျှောက် ငါးပွဲဆက် ဂိုးပါဝင်ပတ်သက်မှု နှစ်ကြိမ်နှင့်အထက် ပြုလုပ်နိုင်သည့် ပထမဆုံးကစား သမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ပြီးခဲ့သည့် မေလ ၂၉ ရက်က မွန်တီရယ်အသင်းနှင့်ကစားခဲ့သည့် ပထမပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ကိုလည်း ကောင်း၊ ဇွန်လ ၁ ရက်က ကစားခဲ့သည့် ကိုလံဘတ် အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု နှစ်ကြိမ်ကိုလည်းကောင်း၊ ဇူလိုင်လ ၆ ရက်က မွန်တီရယ်အသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ကို လည်းကောင်း၊ ဇူလိုင်လ ၁၀ ရက်က ကစားခဲ့သည့် နယူးအင်္ဂလန်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး ကိုလည်းကောင်း၊ ဇူလိုင်လ ၁၃ ရက်က နာချီဗီလီ အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးကို လည်းကောင်း သွင်းယူနိုင်ပြီးနောက် မေဂျာလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ငါးပွဲဆက် ဂိုးပါဝင် ပတ်သက်မှု နှစ်ကြိမ်နှင့်အထက် ပြုလုပ်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်သည်။

မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးများရယူ နိုင်ရန် ရုန်းကန်ခဲ့ရပြီး ပေါ်တိုအသင်းနှင့်ကစားသည့် ပွဲစဉ်တွင် တစ်ဂိုးတည်းသာသွင်းယူနိုင်သော်လည်း ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာအပြီး မေဂျာလိဂ်ပြိုင်ပွဲတွင် ဆက်တိုက်ခြေစွမ်းပြနိုင်ခဲ့ ကာ သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင်လည်း ၁၆ ဂိုးဖြင့် ဦးဆောင် နေကြောင်း သိရသည်။

***Ref;Goal.com***

# လီဗာပူးအသင်းက ရီးယဲလ်မက်ဒရစ် အသင်းမှ လူငယ်ကစားသမား ရိုဒရီဂိုကို ကမ်းလှမ်းရန်ပြင်ဆင်

**မက်ဒရစ် ဇူလိုင် ၁၄**

လီဗာပူးအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အနာဂတ်မရေမရာဖြစ် နေသည့် လူငယ်ကစားသမား ရိုဒရီဂိုကို ကမ်းလှမ်း ရန်ပြင်ဆင်နေကြောင်း သိရသည်။

လီဗာပူးအသင်းသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံဆုကာကွယ်နိုင်ရန် လက်ရှိအပြောင်းအရွှေ့ ကာလတွင် ကစားသမားအင်အားဖြည့်တင်းမှုများ လုပ်ဆောင်နေပြီး ဖရင်ပေါင်နှင့် ဖလိုရီယန်ဝက်ဇ် တို့ကိုခေါ်ယူနိုင်ပြီးနောက် အသင်းတိုက်စစ်ပိုင်းမှ ဒီယက်ဇ် ထွက်ခွာမည်ဖြစ်သည့်အတွက် ၎င်း၏နေရာ ၌ ရိုဒရီဂိုနှင့်အစားထိုးလိုနေခြင်းဖြစ်သည်။

ရိုဒရီဂိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၇ ခုနှစ်အထိ စာချုပ်သက်တမ်းကျန်ရှိနေသေးသော် လည်း အသင်းနှင့် ဆက်ဆံရေးမပြေလည်မှုများ ရှိနေပြီး လက်ရှိနည်းပြ ဇာဗီအလွန်ဆိုလက်အောက် တွင် ပွဲကစားခွင့်အာမခံချက်မရှိသည့်အတွက် အသင်းမှထွက်ခွာရန် ပြင်ဆင်နေကာ ရီးယဲလ် မက်ဒရစ်အသင်းကလည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ သတ်မှတ်ထားသည့်အတွက် လီဗာပူးအသင်းက ပြောင်းရွှေ့ကြေးညှိနှိုင်းရန် ပြင်ဆင်နေကြောင်း သိရ သည်။

***Ref;Fabrizio Romano***

# အယ်နာဆာအသင်းက လူငယ်ကစားသမားဂါနာချိုကိုခေါ်ယူရန် ကမ်းလှမ်းသော်လည်း ဂါနာချိုကိုယ်တိုင်ပယ်ချ

**မန်ချက်စတာ ဇူလိုင် ၁၄**


ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းသည် မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ ကာလတွင် အရောင်းစာရင်းတင်သွင်းထားသည့် လူငယ်ကစားသမားဂါနာချိုကိုခေါ်ယူရန် ကမ်းလှမ်း ခဲ့သော်လည်း ဂါနာချိုကိုယ်တိုင်က ပယ်ချခဲ့ကြောင်း သိရသည်။

ဂါနာချိုသည် မန်ယူအသင်း၌ အစောပိုင်းနှစ်များ က အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိက ကစား သမားတစ်ဦးအဖြစ်ပါဝင်ခဲ့သော်လည်း ယခုဘောလုံး ရာသီတွင် မန်ယူအသင်းသို့ နည်းပြအမိုရင်ရောက်ရှိ လာပြီးနောက် ပွဲကစားခွင့်နည်းပါးလာခဲ့သည်။ ယူရိုပါလိဂ်ဗိုလ်လုပွဲအဖြစ်ကစားသည့် စပါးအသင်း နှင့်ပွဲစဉ်၌ ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ် ခံခဲ့ရပြီးနောက် နည်းပြအမိုရင်နှင့် ဂါနာချိုတို့ကြား ဆက်ဆံရေးတင်းမာမှုများရှိလာပြီး ဂါနာချိုကိုယ်တိုင် က လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း ဂါနာချိုကိုရောင်းချရန် ဆုံးဖြတ်ထားသည့်အတွက် ဥရောပမှ ထိပ်တန်း ကစားသမားများကိုခေါ်ယူရန် ကမ်းလှမ်းနေသည့် အယ်နာဆာအသင်းက ဂါနာချိုကို ကမ်းလှမ်းခဲ့သော် လည်း ပယ်ချခဲ့ခြင်းဖြစ်သည်။

ဂါနာချိုကိုယ်တိုင်က မန်ယူအသင်းမှထွက်ခွာမည် ဖြစ်သော်လည်း ဥရောပ၌သာ ကစားလိုသည့် အတွက် အယ်နာဆာအသင်း၏ကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး လက်ရှိတွင် နာပိုလီအသင်း၊ ချယ်လ်ဆီး အသင်းတို့နှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ် နေကြောင်း သိရသည်။

***Ref;Fabrizio Romano***



# အာဆင်နယ်အသင်းက ဂရိုကီယက်စ်ကို ထပ်မံကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ရာ ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ အပြင် အပိုဆုကြေး ၁၀ သန်းဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေ

**လစ္စဘွန်း ဇူလိုင် ၁၄**

အာဆင်နယ်အသင်းက တိုက်စစ်ကစားသမား ဂရိုကီယက်စ်ကိုခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ စပို့တင်း လစ္စဘွန်းအသင်းက နှစ်ကြိမ်အထိ ပယ်ချခဲ့သော် လည်း ထပ်မံကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ရာ ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ အပြင် အပိုဆုကြေး ယူရို ၁၀ သန်းဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေကြောင်း သိရသည်။

ဂရိုကီယက်စ်သည် ၂၀၂၃ ခုနှစ်က ကိုဗင်ထရီ အသင်းမှ စပို့တင်းလစ္စဘွန်းအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီ တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ၎င်းသည် ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၅၄ ဂိုးသွင်းယူ နိုင်ပြီးနောက် လက်ရှိကစားသမားအပြောင်းအရွှေ့ ကာလတွင် ဥရောပထိပ်တန်းအသင်းကြီးများ၏ စိတ်ဝင်စားခြင်းခံနေရသည့် ကစားသမားတစ်ဦးဖြစ် လာသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဂရိုကီယက်စ်ကို အာဆင် နယ်အသင်းကခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ပြီး ဂရိုကီယက်စ်ကိုယ်တိုင်က အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့် အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့သော် လည်း အာဆင်နယ်အသင်းနှင့် စပို့တင်းလစ္စဘွန်း အသင်းတို့ကြား စာချုပ်ဖျက်သိမ်းကြေး ညှိနှိုင်းမှုအ ဆင်မပြေဖြစ်ခဲ့သည့်အတွက် အပြောင်းအရွှေ့ မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

သို့သော် အာဆင်နယ်အသင်းက နှစ်ကြိမ်ပယ်ချ ခံခဲ့ရသော်လည်း တတိယအကြိမ်အဖြစ် ပြောင်းရွှေ့ ကြေး ယူရို သန်း ၇၀ အပြင် အပိုဆုကြေး ယူရို ၁၀ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ စပို့တင်းလစ္စဘွန်း အသင်းကလည်း ကစားသမားနှင့် ဆက်ဆံရေး တင်းမာမှုများရှိနေသောကြောင့် အာဆင်နယ်အသင်း ၏ကမ်းလှမ်းမှုကိုလက်ခံရန် နီးစပ်နေသည့်အတွက် မကြာမီ အပြောင်းအရွှေ့ဖြစ်မြောက်ဖွယ်ရှိကြောင်း သိရသည်။

***Ref;Fabrizio Romano***

# တောင်သူဝင်ငွေတိုးပွားဖို့ ပျားမွေးမြူရေးအားပေးစို့

Dr. Bee (မွေး/ဆေး)

စိုက်ပျိုးရေးသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်တို့ကို လိုက်နာဆောင်ရွက်လျက် ခေတ်နှင့်လျော်ညီသော စိုက်ပျိုးသီးနှံနှင့် ထွက်ကုန်များကို ဦးစားပေးစိုက်ပျိုးလာကြသည်။ ထိုနည်းတူ ခေတ်မီနည်းစနစ်များကို အမီလိုက်လာသော ခေတ်မီအပင်ရောဂါများကို ကုစားရန်အတွက် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုလည်း ဆန်းသစ်တီထွင်သုံးစွဲလာကြသည်။ ထိုသို့သုံးစွဲလာခြင်း၏နောက်ဆက်တွဲအနေဖြင့် အကျိုးပြုပျားမျိုးစိတ်များကိုပါ ထိခိုက်လာသည်ကို ကြုံတွေ့လာရသည်။ သွင်းအားစုများသည် ထွက်ကုန်ကောင်းစေရန်လိုအပ်သကဲ့သို့ တောင်သူအကျိုးပြုဝတ်မှုန်ကူးလုပ်ငန်းကို ဆောင်ရွက်နေကြသည့် ပျားအပါအဝင် အခြားဝတ်မှုန်ကူးသတ္တဝါများ၏ အခန်းကဏ္ဍကိုလည်း မေ့လျော့ချန်လှပ်ထားရန်မဖြစ်နိုင်ပေ။ ပျားမျိုးစိတ်များသည် ဝတ်မှုန်ကူးဝန်ဆောင်မှုကိုလုပ်ဆောင်ကြပြီး သီးနှံအထွက်တိုးရေးအတွက် တစ်ဖက်တစ်လမ်းမှအကူအညီပေးနေကြသူများပင်ဖြစ်သည်။

**တောင်သူအကျိုးပြုပျားမျိုးစုများ**

မြန်မာနိုင်ငံတွင် ပျားမျိုးစိတ်များကို မွေးမြူရေးပျားနှင့်တောပျားဟူ၍ အလွယ်တကူခေါ်ဝေါ်ကြသည်။ ကမ္ဘာပေါ်တွင် ပျားမျိုးစိတ်ပေါင်း ၂၀၀၀ ကျော်ရှိသည့်အနက် ဝတ်ရည်စုပျား တစ်နည်းအားဖြင့် ပျားရည်ထုတ်လုပ်သောပျားအမျိုးအစားမှာ ကိုးမျိုးသာရှိသည်။ ထိုပျားအမျိုးအစားများကိုအမူအကျင့်နှင့်အရွယ်အစားကိုလိုက်၍ အုပ်စုသုံးခုခွဲ၍ လေ့လာနိုင်သည်။ (၁)ပျားကြီးမျိုးများ (Giant Honey Bees)၊ (၂)သစ်ခေါင်းပျားမျိုးများ (Cavity Nesting Bees) နှင့် (၃)ပျားငယ်မျိုး (Dwarf Bees)ဟူ၍ ခွဲခြားလေ့လာနိုင်သည်။

**(၁) ပျားကြီးမျိုး (Giant Honey Bees)**



ပျားကြီးမျိုးများ၏ အုံဖွဲ့မှုသဘာဝကိုပြပုံ။

အာရှပျားကြီးမျိုးဖြစ်ပြီး အာရှတိုက်တောင်ပိုင်းနှင့်အရှေ့တောင်ပိုင်းတို့တွင် တွေ့ရသည်။ မြေပြင်မှအမြင့်ပေ ၃၀ နှင့်အထက် အပင်အမြင့်များတွင် ပျားသလက်ချပ်တစ်ခုလျှင် ပျားအုံတစ်အုံအဖြစ် အုံဖွဲ့နေတတ်သည်။ လုပ်သားပျားတစ်ကောင်သည် အရွယ်အစားအားဖြင့် (၀.၇-၀.၈)လက်မခန့်ရှိသည်။ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ မြန်မာ၊ လာအို၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် တွေ့ရသည်။ အုံတစ်ခုနှင့်တစ်ခုကို နီးကပ်စွာတည်ဆောက်တတ်ကြသည်။ ရာသီအလိုက် အုံပြောင်းရွှေ့တတ်သောအကျင့်ရှိသည်။ ၃ လ - ၄ လလျှင် တစ်ကြိမ်ခန့် နေရာပြောင်းရွှေ့လေ့ရှိသည်။ သုတေသနမှတ်တမ်းများအရ ရွှေ့ပြောင်းလျှင်လည်း မူလအုံဖွဲ့သည့်နေရာသို့သာ ပြန်လည်အုံဖွဲ့တတ်ကြသည်။ အထူးသဖြင့် အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင် အုံအသစ်ဖွဲ့လေ့ရှိသည်။ အုံအသစ်သည်လည်း မူလနေရာမှ မီတာ ၅၀၀ အကွာတွင်တည်ဆောက်လေ့ရှိကြောင်း သုတေသနမှတ်တမ်းများအရသိရှိရသည်။ မြန်မာနိုင်ငံတွင် ပျားကြီးပျားမျိုးများသည် သစ်ပင်ကြီးများပေါ်နှင့် တောင်ကမ်းပါးယံဘုရားပုထိုးစေတီများ၊ ဆင်းတုတော်များတွင်လည်း အုံဖွဲ့တတ်ကြသည်။ နေရာမတူသကဲ့သို့ အရွယ်အစားလည်းမတူညီကြပေ။

အညာဒေသတွင် ပျားကြီးအုံများ၏အရွယ်အစားကြီးမားမှုသည် လှည်းဘီး၏ပမာဏခန့်ရှိသည့်အတွက် ထိုပျားကြီးမျိုးကို လှည်းဘီးပျားဟုလည်း ခေါ်တတ်ကြသည်။ တောင်ပေါ်ဒေသများတွင်တွေ့ရတတ်သော ပျားကြီးများသည် သစ်ပင်ကြီးငယ်များတွင်သာမက ကျောက်တောင်ကမ်းပါးယံများတွင်လည်း တွေ့ရတတ်သည်။ ထိုကဲ့သို့သော ပျားကြီးမျိုးကို ကျောက်ပျားဟုလည်း ခေါ်ကြသည်။ လှည်းဘီးပျားဟုခေါ်ဝေါ်သော ပျားကြီးမျိုးများ၏ အရောင်အသွေးမှာ အဝါနှင့်အနက်ကျားသော ပုံစံဖြစ်ပြီး ကျောက်ပျားဟုခေါ်ဝေါ်သောပျားမျိုးမှာ အဖြူနှင့်အနက်ကျားသောအရောင်ရှိသည်။ ထိုကဲ့သို့ပျားမျိုးကို ဟိမဝန္တာပျားကြီးမျိုး သို့မဟုတ် ကမ္ဘာ့အကြီးဆုံး ပျားကြီးမျိုးဟုလည်း ခေါ်ဝေါ်ကြသည်။ မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တွေ့ရှိရသည်။ ပျားကြီးများမှာ အရွယ်အစားကြီးမားသကဲ့သို့ ပျံသန်းနိုင်သော အကွာအဝေးမှာလည်း ကျန်ပျားများထက် ပိုမိုသွားရောက်နိုင်သည်။ ထိုပျားကြီးများသည် နံနက်အရုဏ်မတက်ခင်အချိန်မှစ၍ ညမိုးချုပ်သည့်အချိန်အထိ လွတ်လပ်စွာပျံသန်းသွားလာတတ်ကြသည်။ ထို့ကြောင့် တောင်သူတို့ စိုက်ပျိုးထားသော သီးနှံများ ဖူးပွင့်ချိန်တွင် စိုက်ခင်းများအနီးရှိ သစ်ပင်ကြီးများပေါ်တွင် အုံဖွဲ့နေထိုင်ကာ ဝတ်မှုန်ကူးခြင်းလုပ်ငန်းဆောင်ရွက်ပြီး သဘာဝအလျောက်အသက်မွေးရှင်သန်နေထိုင်ကြသည်။ ပျားရည်စုဆောင်းအသက်မွေးကြသူများက ပျားကြီးအုံများမှပျားရည်ရယူကာ လက်လီရောင်းချလေ့ရှိကြသည်။

**(၂) သစ်ခေါင်းပျားမျိုးများ (Cavity Nesting Bees)**

အများအားဖြင့် သစ်ပင်၊ ပင်စည်အခေါင်းအတွင်းဝင်၍ အုံဖွဲ့နေတတ်သောကြောင့် သစ်ခေါင်းပျားဟုခေါ်ဝေါ်ကြပြီး သစ်ခေါင်းအတွင်းအုံဖွဲ့နေတတ်သော သဘာဝရှိသည့် ပျားအမျိုးအစား ငါးမျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် တောပျားဟုခေါ်သည့် Apis Cerana သစ်ခေါင်းပျားမျိုးနှင့် မွေးမြူရေးပျားဟုခေါ်ဝေါ်ကြသည့် Apis Mellifera ဥရောပပျားမျိုးကိုသာတွေ့ရှိရသည်။ ဥရောပပျားမွေးမြူရေးလုပ်ငန်းမှ ပျားရည်အမြောက်အမြားစုဆောင်းရရှိသည်။

**(က) တောပျား**

Apis Cerana ကို အိန္ဒိယမှလာသောပျားမျိုးများဟု ခေါ်ဝေါ်ခဲ့ကြသည်။ အာရှဒေသနိုင်ငံတော်တော်များများတွင်တွေ့ရှိရသောကြောင့် အာရှပျားအဖြစ်လည်းသတ်မှတ်ထားကြသည်။ တောပျားသဘာဝကို ပိုင်ဆိုင်ထားကြသည့်ပျားများဖြစ်သည့်အတွက် အုံသွင်းမွေးမြူနိုင်သော်လည်း မကြာခဏအုံမှစွန့်ခွာထွက်ပြေးကာ တောသဘာဝတွင် ပြောင်းရွှေ့နေထိုင်ကြလေ့ရှိသည်။ အရောင်မှာ အဝါနှင့်အနက်ကျားသောအရောင်ရှိပြီး မူရင်းပျားမျိုးမှာ အနက်ရောင်ပိုများသည်။ အာရှပျားမျိုးဖြစ်သည့်အတိုင်း အာရှဒေသတွင်းနိုင်ငံများတွင် အများဆုံးတွေ့ရသည်။ လက်ရှိအချိန်တွင်တွေ့ရှိထားသောမှတ်တမ်းများအရ Apis Cerana ပျားမျိုးကွဲပေါင်းရှစ်မျိုးရှိနေသည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ်တို့ကျူးကျော်စစ်စသည့်အချိန်တွင် ပျားမွေးမြူသည့်အလေ့အထပါလာခဲ့သည်ဟု မှတ်သားခဲ့ဖူးသော်လည်း အထောက်အထားခိုင်ခိုင်မာမာမတွေ့ရသေးပေ။ ပျားမွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏နိုင်ငံခြားဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနေသော လုပ်ငန်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအတိုင်းပေါက်ရောက်နေသော သစ်တောသစ်ပင်သဘာဝသယံဇာတများစွာပေါများသည့်အတွက် ပျားစာလွန်စွာပေါများသည်။ ထို့ကြောင့် သစ်ခေါင်းပျားများကဲ့သို့သော အာရှပျားမျိုးစိတ်များသည် သစ်တောများတွင် သဘာဝအလျောက် ပွားများနေထိုင်နိုင်ကြသည်။ ထိုကဲ့သို့သောပျားမျိုးများကို သစ်ခေါင်းတွင်းသို့ အုံသွင်းမွေးမြူတတ်သည့် မိရိုးဖလာပျားရည်ထုတ်လုပ်ရောင်းချသူများလည်း ရှိနေသေးပေသည်။ ကွင်းဆင်းလေ့လာမေးမြန်းချက်များအရ ကရင်ပြည်နယ် လိပ်သိုမြို့နယ်ခွဲ မြရာကုန်းကျေးရွာနှင့် သံတောင်မြောက်ပိုင်းတွင် မြောက်ပယ်ဘိုးကျေးရွာ၊ သင်္ဘာတောကျေးရွာ၊ ကျောက်ဖြာကျေးရွာ၊ နန်းချိုကျေးရွာ၊ သက်နုကုန်းကျေးရွာတို့တွင် မိရိုးဖလာသစ်ခေါင်းပျားမွေးမြူခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပြီး တစ်နှစ်လျှင် သစ်ခေါင်းပျား ပျားရည်တန်ချိန် ၃၀၀ ခန့်ထုတ်လုပ်နိုင်ကြောင်းသိရှိရသည်။



သစ်ခေါင်းပျားအုံနှင့် ပျားအိမ်အတွင်း အုံဖွဲ့နေပုံ။

ထိုကဲ့သို့သော မိရိုးဖလာမွေးမြူနည်းစနစ်များကို နိုင်ငံတော်မှပံ့ပိုးကူညီပေးနိုင်လျှင် ခေတ်မီသစ်ခေါင်းပျားမွေးမြူရေးနည်းစနစ်များအဖြစ် မွေးမြူလာနိုင်ပြီး သဘာဝအတိုင်းရရှိသော သစ်ခေါင်းပျားပျားရည်စစ်စစ်ကို အမြောက်အမြားထုတ်လုပ်ရရှိနိုင်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိုလည်း တစ်ပါတည်းဆောင်ရွက်နိုင်ပေလိမ့်မည်။ ထူးခြားချက်တစ်ခုမှာ မြန်မာနိုင်ငံတွင် တစ်ခုတည်းသောပျားရည်ဆွမ်းလောင်းပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတ္တာလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာတွင် နှစ်စဉ်ကျင်းပလေ့ရှိပြီး ဒေသခံသစ်ခေါင်းပျားမွေးမြူရေးမှရရှိသော သဘာဝပျားရည်များကို ဆွမ်းလောင်းလှူပွဲကျင်းပကြသည်။ ၂၀၂၃ ခုနှစ်တွင် အီတလီနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏အထောက်အပံ့ဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် သစ်ခေါင်းပျားများမွေးမြူခြင်းသင်တန်းများ ဖွင့်လှစ်ပို့ချကာ ဒေသပျားမျိုးများကို မွေးမြူသည့်အလေ့အထကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဒေသပျားမျိုးများသည် ဒီရေတောအပင်များတွင် ဝတ်မှုန်ကူးလုပ်ငန်းများဆောင်ရွက်ကြပြီး ဒီရေတောထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကိုပါ ဆောင်ရွက်နိုင်မည့် အစီအစဉ်ဖြစ်လာသည်။ ထိုကဲ့သို့ တောပျားများသည် သဘာဝသစ်တောများ၊ ဒီရေတောများနှင့် တောင်ပေါ်ဒေသများရှိ အပင်များပွားများရှင်သန်နိုင်ရေးကို အထူးလုပ်ဆောင်နိုင်ကြောင်း တွေ့ရှိရသည်။ သုတေသနမှတ်တမ်းအရ မြန်မာနိုင်ငံမြောက်ဘက်ဖျားမှ မြန်မာနိုင်ငံတောင်ဘက်ဖျားအထိ သစ်ခေါင်းပျားမျိုးများ ပျံ့နှံ့နေထိုင်ကြကြောင်းသိရှိရသည်။ ဒေသခံတောင်သူများသည် သဘာဝတောပျားများကို မိရိုးဖလာနည်းလမ်းများဖြင့် မွေးမြူလုပ်ကိုင်လျက်ရှိကြပြီး ထိုတောင်သူများကို နိုင်ငံတော်မှ ခေတ်မီနည်းပညာများ၊ အထောက်အပံ့များပံ့ပိုးပေးနိုင်ပါက အရည်အသွေးမီ သဘာဝပျားရည်များကို အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် ထူထောင်နိုင်မည်ဖြစ်ကာ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်လည်းအောင်မြင်ပြီး မြန်မာ့သဘာဝပျားရည်အဖြစ် နိုင်ငံတကာသို့တင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေပိုမိုရှာဖွေနိုင်ပေလိမ့်မည်။

**(ခ) မွေးမြူရေးပျား (သို့) ဥရောပပျား**

မြန်မာနိုင်ငံတွင် ခေတ်မီပျားမွေးမြူရေးကို ၁၉၇၉ ခုနှစ်တွင် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန သည် ကမ္ဘာ့ကုလသမဂ္ဂအစီအစဉ်(UNDP)ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့၏ပူးပေါင်းကူညီမှုဖြင့် တိရစ္ဆာန်မွေးမြူရေးကော်ပိုရေးရှင်း၌ ဥရောပပျားမျိုး (Apis Mellifera Lingustica)ပျားအုံ ၃၅ အုံကို ဩစတြေးလျနိုင်ငံမှမှာယူပြီး ပျားမွေးမြူရေးလုပ်ငန်းကျွမ်းကျင်သူ ပိုလန်နိုင်ငံသား Dr.C.B Zmarlicsks နှင့် ခေတ်မီပျားမွေးမြူရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းကာလအတွင်း ပြည်ပမှပျားဘုရင်မများတင်သွင်း၍ ပျားအုံများခွဲထုတ်ခြင်း၊ ပျားစခန်းအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပျားရည်ထုတ်လုပ်ပြီး ပြုပြင်ရောင်းချခြင်း၊ စက်ပစ္စည်းများဝယ်ယူတပ်ဆင်ပြီး ပျားအိမ်နှင့် ပျားသလက်အခြေခံပျားများထုတ်လုပ်ခြင်း၊ ပျားဘုရင်မစမ်းသပ်မွေးမြူခြင်း၊ ပျားစာပင်များလေ့လာဖော်ထုတ်မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**စာမျက်နှာ ၂၆ သို့●**

● **စာမျက်နှာ ၂၅ မှအဆက်**

ပျားရည်ထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်ပကုန်သွယ်မှုအနေဖြင့် မြန်မာ့ပျားရည်ကို ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချခဲ့ရာ ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်တွင် ပျားလုပ်ငန်းဌာနမှ ဂျပန်နိုင်ငံသို့ပျားရည်မက်ထရစ်တန် ၄၀ တင်ပို့ရာမှ ပြည်ပတင်ပို့မှုစတင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂလိကပိုင်ပျားရည်များကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှစ၍ ပြည်ပသို့ ပျားရည် ၉၄ မက်ထရစ်တန် စတင်တင်ပို့ရောင်းချနိုင်ခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူရေးဖွံ့ဖြိုးမှုဌာနခွဲ၏မှတ်တမ်းများအရ ၂၀၂၃ - ၂၀၂၄ ကာလအတွင်း ပြည်ပသို့ ပျားရည်တန်ချိန် ၂၅၀၀ ခန့် တင်ပို့ရောင်းချခဲ့ကြောင်းသိရှိရသည်။ မွေးမြူရေးပျားဖြစ်သည့် ဥရောပပျားမျိုးများသည် တောင်သူများစိုက်ပျိုးသီးနှံပွင့်သည့်ရာသီကိုလိုက်၍ ရွှေ့ပြောင်းမွေးမြူကြရသည်။ ထိုကဲ့သို့ ရွှေ့ပြောင်းမွေးမြူခြင်းမှရရှိသော ပျားရည်နှင့်ပျားထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပသို့တင်ပို့ကာ ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခဲ့သည်။

**(၃) ပျားငယ်မျိုး(Dwarf Bees)**

ပျားငယ်အမျိုးအစားအနေဖြင့် (ယင်ပျား) Apis Florea နှင့်(ယင်ပျားငယ်) Apis Andreniformis ဟူ၍ နှစ်မျိုးရှိပြီး မြန်မာနိုင်ငံတွင် နှစ်မျိုးလုံးတွေ့ရသည်။ မြေပြန့်လွင်ပြင်ဒေသအားလုံးနီးပါးတွင် တွေ့နိုင်သည်။ အရောင်အသွေးမှာ ယင်ကောင်နှင့်ပုံသဏ္ဍာန်တူသောကြောင့် ယင်ပျားဟုလည်း ခေါ်ဝေါ်သည်။



ပျားငယ်မျိုး ယင်ပျားအုံပုံစံနှင့်ဈေးတွင်ရောင်းချနေသည့် ပျားသလက်ချပ်များ။

အာရှပျားမျိုးနွယ်ဝင် ပျားငယ်အမျိုးအစားဖြစ်သည်။ အုံဖွဲ့ခြင်းကို လဟာပြင်တွင် ဖွဲ့တတ်ကြပြီး အကောင်အရွယ်အစားသေးငယ်သလို အုံအရွယ်အစားလည်း သေးငယ်သည်။ လုပ်သားပျား၏အရွယ်အစားသည် အလွန်သေးငယ်သည်။ အရွယ်အစားအားဖြင့် ၇ မီလီမီတာမှ ၁၀ မီလီမီတာအရွယ်ခန့်သာရှိသည်။ အရောင်မှာနီညိုရောင်ဖြစ်သည်။ အာရှနှင့်အာဖရိကဒေသတို့တွင် အများဆုံးတွေ့ရသည်။ အထူးသဖြင့် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အိုမန်၊ အီရန်၊ အိန္ဒိယ၊ တရုတ်နှင့် အရှေ့အလယ်ပိုင်းဒေသရှိ သစ်တောများတွင် အတွေ့ရများသည်။ အုံဖွဲ့ရာတွင် အုံအသစ်နှင့်အုံအဟောင်းကိုအတူတွဲ၍ အုံဖွဲ့သောအလေ့အကျင့်မရှိပေ။ ထို့အတူ အခြားသောပျားမျိုးများကဲ့သို့ နေရာအဟောင်း၊ အုံအဟောင်းတွင် ပြန်လည်နေထိုင်ခြင်းမျိုးကိုမတွေ့ရပေ။ ယင်ပျားမှ ပျားရည်ထုတ်ယူသုံးစွဲခြင်းကို ထိုင်းနိုင်ငံအရှေ့ပိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ကျောက်ဆည်၊ မန္တလေး၊ မိတ္ထီလာ၊ ပုဂံ၊ ညောင်ဦး၊ မကွေးမြို့နယ်တို့တွင် ပေါများစွာတွေ့ရသည်။ ပျားအုံအရွယ်အစားသေးငယ်သကဲ့သို့ ပျားများသည် ဝတ်ရည်စုဆောင်းမှုနှင့်အလုပ်လုပ်ရာတွင် အခြားပျားမျိုးများနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ပျင်းရိလေးလံသောပျားငယ်မျိုးဖြစ်သည့်အတွက် တောင်သူတို့အတွက် များစွာအထောက်အကူပြုသည်မဟုတ်သော်လည်း တတ်နိုင်သလောက် ဝတ်မှုန်ကူးဆောင်ရွက်ကြသူများပင်ဖြစ်သည်။

**ပျားဖြင့်ဝတ်မှုန်ကူးသုတေသနဆောင်ရွက်ချက်များ**

ပျားသည် သဘာဝအရ ဝတ်မှုန်ကူးဝန်ဆောင်မှုကိုဆောင်ရွက်ကြသူများဖြစ်ကြပြီး ထိုပျားများကို မိမိတို့စိုက်ပျိုးသောသီးနှံအလိုက် ချထားမွေးမြူခြင်းများဆောင်ရွက်နိုင်ရန် မကွေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ အတူပူးပေါင်း၍ စမ်းသပ်ကွက်များဖြင့် သုတေသနပြုဆောင်ရွက်ခဲ့သည်။ သုတေသနရလဒ်များအရ နှမ်းသီးနှံတွင် ပျားဖြင့်ဝတ်မှုန်ကူးဆောင်ရွက်ပါက မူလအထွက်နှုန်းထက် ၁ ဆပိုမိုတိုးတက်ကြောင်း တွေ့ရှိခဲ့ရသည်။ ပဲစင်းငုံသီးနှံတွင် မူလအထွက်နှုန်းထက် ၁ ဆပိုမိုတိုးတက်ပြီး နေကြာသီးနှံတွင် မူလအထွက်နှုန်းထက် ၄ ဆခန့်ပိုမိုကြောင်း တွေ့ရှိရသည်။ သုတေသနစမ်းသပ်ခြင်းသည် ပတ်ဝန်းကျင်၏ကျရောက်လာနိုင်သောအခြေအနေအရပ်ရပ်ကို သုံးသပ်ကာ ကြိုတင်ပြင်ဆင်သုတေသနပြုခြင်းဖြစ်သည့်အတွက် ပြင်ပမှ ပကတိအခြေအနေများဖြင့် တိုက်ရိုက်ကိုက်ညီမည်တော့မဟုတ်ပေ။ သို့သော် သုသေသနအပေါ် သုံးသပ်ကြည့်ပါက ပျားဖြင့်အတူထားစိုက်ပျိုးခြင်းသည် ပျားမရှိခြင်းထက် ပို၍တိုးတက်သည်ကိုတော့ ငြင်း၍မရပေ။ အနည်းဆုံး အသီးအနှံများ အောင်မြင်ဖြစ်ထွန်းခြင်းကို ခံစားရမည်ဖြစ်သည်။

ပျားကြီး၊ သစ်ခေါင်းပျားနှင့် ပျားငယ်အုပ်စုများသည် အမျိုးသဘာဝအရ ကွဲပြားခြားနားနေကြသော်လည်း အဓိကတာဝန်မှာ ဝတ်မှုန်ကူးခြင်းလုပ်ငန်းကို ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများဖွံ့ဖြိုးအောင် အခြားသွင်းအားစုများ ဖြည့်ဆည်းဆောင်ရွက်ရသကဲ့သို့ ဝတ်မှုန်ကူးခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည့်ပျားမျိုးများအနက် လူတို့မွေးမြူ၍ရသော ပျားမျိုးများကို တစ်နိုင်တစ်ပိုင်မွေးမြူခြင်းများ ဆောင်ရွက်မည်ဆိုပါက မိမိတို့၏မူလသီးနှံစိုက်ခင်းကို ပုံမှန်ထက် အထွက်တိုးစေခြင်းအပြင် မိမိတို့မွေးမြူထားသော ပျားအုံများမှရရှိမည့် ပျားရည်နှင့် ပျားထွက်ပစ္စည်းများရောင်းချခြင်းမှလည်း အပိုဝင်ငွေကို ထပ်မံရရှိစေမည်ဖြစ်သည့်အတွက် **"တောင်သူဝင်ငွေတိုးပွားဖို့ ပျားမွေးမြူရေးအားပေးစို့"**ဟု တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# ပျဉ်းမနားမြို့နယ်၌ ရွှေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေး



နေပြည်တော် ဇူလိုင် ၁၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် သဲကျွန်းကျေးရွာနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ စာအုပ်စာစောင်များ ငှားရမ်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ/ရသစာအုပ်မျိုးစုံ ၂၂၀၀ ကျော်ကို သယ်ဆောင်၍ ငှားရမ်းပေးသည်။ ယခု ငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တတစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ် ၁၅-၇-၂၀၂၅(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှုပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |

# ပခုက္ကူမြို့နယ်တွင် ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းလေးကျောင်း ယာယီပိတ်ထားရ

ပခုက္ကူ ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အခြေခံပညာကျောင်း လေးကျောင်း၌ မြစ်ရေများဝင်ရောက်ခဲ့သဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဇူလိုင်လ ပထမပတ်မှစတင်ပြီး ယာယီပိတ်ထားခဲ့ရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။



ပခုက္ကူမြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့်ကျောင်းများမှာ အခြေခံပညာမူလတန်းလွန်(ပခုက္ကူကျွန်း)ကျောင်း၊ အခြေခံပညာမူလတန်း(ကြားကျွန်း)ကျောင်း၊ အခြေခံပညာမူလတန်း(သိမ်းကုန်း/မရိုးကုန်း) ကျောင်း၊ အခြေခံပညာအလယ်တန်း(ဘောလုံးခုံ)ကျောင်းတို့ဖြစ်သည်။

အဆိုပါကျောင်းများရှိ ဆရာ၊ ဆရာမ ၁၈ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၄၈၅ ဦး စုစုပေါင်း ၅၀၃ ဦးတို့ကို ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မြစ်ရေပြန်လည်ကျဆင်းသည်အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်းနှင့် မြစ်ရေကျဆင်းချိန်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်းအသိပညာပေး

ကျောက်ကြီး ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဖန်ခါးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)စီစဉ်မှုဖြင့် အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရေးဦးစွာ မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ လက်ရှိဖြစ်ပွားလျက်ရှိသောကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရမည့်အချက်များ၊ မိုင်းအန္တရာယ်အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ဒေါ်သင်းသဇင်နိုင်က အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်းအသိပညာပေးအနေဖြင့် မြေမြှုပ်မိုင်း၊ လက်လုပ်မိုင်း၊ ကြိုးဆွဲမိုင်းတို့၏ အန္တရာယ်ကြီးမားပုံများ၊ မိုင်းအန္တရာယ်သတိပေးထားပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းသိရသည်။

(၄၁၀)

# အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၂/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်-၃ ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန-၃ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍအလိုက်ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဆောင်ရွက်ရန်ရွေးချယ်ထားသော ကဏ္ဍများအလိုက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းနှင့်အတူ ကဏ္ဍများအတွင်းရှိ MSME လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ပံ့ပိုးပေးသွားရန်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) အကောင်အထည်ဖော်မှုကာလပြီးဆုံးတော့မည်ဖြစ်သည့်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးကြုံတွေ့ရမှုများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပို့ကုန်တိုးမြှင့်တင်ပို့ရေးကို ဆက်လက်မြှင့်တင်ဆောင်ရွက်ကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများအပေါ် လိုအပ်သလို ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ကော်မတီ၏(၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ ည ၉ နာရီ ၄၉ မိနစ် ၅၃ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၂၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းလားမြို့၏ တောင်-အနောက်တောင်ဘက် ၂၂ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၁ ဒသမ ၃၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၈၈ ဒီဂရီ၊ အနက် ၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်းတိုင်းထွာရရှိသည်။

(မိုး/ဇလ)

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် တံခွန်စိုက်ဖလားဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၁၄

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းနှင့် ပဲခူးတပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း(၁၀) သင်းဖြင့် ဇူလိုင်လ ၄ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

❒ ကျောဖုံးမှအဆက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ဂိုး - ၁ ဂိုးဖြင့် လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

သက်ဆိုင်ရာဇုန်များအလိုက်အားကစားကွင်းအသီးသီးတွင် အသင်းများ၏အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ်ဇူလိုင်လ ၁၅ ရက်**(ယနေ့)**တွင် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းနှင့် ဇူလိုင်လ ၂၁ ရက်မှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကိုသတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ၁၆-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကသာခရိုင် လူထုအခြေပြုဇဟိုဌာန၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲကျင်းပ



ကသာ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ အခြေခံစာကြည့်တိုက် ပညာသင်တန်း(၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက စာကြည့်တိုက်များ၏အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေးကို ပူးပေါင်းဆောင်ရွက်ကြရာတွင် စာကြည့်တိုက်မှူးများ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ စာကြည့်တိုက်များကို သက်ဝင်လှုပ်ရှားအောင် အဓိကစီမံဖန်တီးပေးကြသူများမှာ စာကြည့်တိုက်တာဝန်ခံများဖြစ်သည့်အတွက် စာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်ပညာရပ်များကို အလေးအနက်ထား လေ့လာသင်ယူကြရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် စာကြည့်တိုက်ပညာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံစာကြည့်တိုက်ပညာသင်တန်းကို သင်တန်းသား ၂၀ ဦး တက်ရောက်ပြီး သင်တန်းကို ဇူလိုင်လ ၁၄ ရက်မှ ၁၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ကျော်စွာထွန်း(ကသာ)

# ပြည်မြို့နယ် ပေါင်းတရာကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပြည် ဇူလိုင် ၁၄


ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပေါင်းတရာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၁၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပေါင်းတရာကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်းဖြင့် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖွန်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ပေါင်းတရာကျေးရွာရှိ ပြည်သူများ သွားလာရေးလွယ်ကူမြန်ဆန်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ချိုလေး




# တရုတ်နိုင်ငံ ဟောင်ကောင်မြို့၌ ကျင်းပမည့် Food Expo Pro 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန်ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၁၄

တရုတ်နိုင်ငံ ဟောင်ကောင်မြို့၌ ယခုနှစ်အတွင်း ကျင်းပမည့် Food Expo Pro 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါ Food Expo Pro 2025 ပြပွဲကို တရုတ်နိုင်ငံ ဟောင်ကောင်မြို့ရှိ Hong Kong Convention and Exhibition Center ၌ ယခုနှစ် ဩဂုတ်လ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ကုမ္ပဏီလုပ်ငန်းရှင်များကိုလည်း ပါဝင်ပြသရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဟောင်ကောင်မြို့မှတစ်ဆင့် ဖိတ်ကြားထားခြင်းဖြစ်သည်။

ယင်းပြပွဲတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီလုပ်ငန်းများ ပါဝင်ပြသနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဟောင်ကောင်မြို့အတွက် ၉ စတုရန်းမီတာ အကျယ်အဝန်းရှိသော ပြခန်းတစ်ခန်းကို သက်ဆိုင်ရာမှ အခမဲ့စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြပွဲကို သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ပထမနှစ်ရက်တွင် ကုန်သည်၊ လုပ်ငန်းရှင်များကို ပြသမည်ဖြစ်ပြီး ပြပွဲနောက်ဆုံးရက်တွင် ပြည်သူများလည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါ Food Expo Pro 2025 ပြပွဲတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဟောင်ကောင်မြို့အတွက် အခမဲ့စီစဉ်ပေးမည့်ပြခန်း၌ ပါဝင်ပြသလိုသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း- ၀၆၇-၄၀၈၆၂၃ နှင့် event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဆောင်းဦး

# မသန်စွမ်းသူများအတွက် အဆင့်မြင့်ဂျပန်နည်းပညာ စက်ချုပ်သင်တန်း ဆံသအလှပြုပြင်ခြင်းသင်တန်းနှင့် ကွန်ပျူတာသင်တန်းသား သင်တန်းသူများခေါ်ယူ

ရန်ကုန် ဇူလိုင် ၁၄

လူမှုဝန်ထမ်းဦးစီးဌာနနှင့် AAR Japan တို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်ဂျပန်နည်းပညာစက်ချုပ်သင်တန်း၊ ဆံသအလှပြုပြင်ခြင်းသင်တန်းနှင့် ကွန်ပျူတာသင်တန်းများအတွက် မသန်စွမ်းသင်တန်းသား၊ သင်တန်းသူများ ခေါ်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းများကို တစ်နှစ်လျှင် သုံးကြိမ် အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိရာ အသက် ၁၈ နှစ်မှ ၄၀ နှစ်အတွင်း ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

လျှောက်လွှာများကို AAR Japan သက်မွေးပညာသင်တန်းကျောင်း၌ အခမဲ့ရယူနိုင်ပြီး သင်တန်းသားများကို တစ်နှစ်ပတ်လုံးလက်ခံကာ အပတ်စဉ်တိုင်း ထည့်သွင်းစဉ်းစားပေးလျက်ရှိသည်။ ၂၀၂၅ ခုနှစ် သင်တန်းကို စက်တင်ဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းများ တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ AAR Japan မသန်စွမ်းသူများ သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ တက်ရောက်နိုင်ပြီး ဖုန်း-၀၉-၂၅၄၃၄၃၇၀၁၊ ၀၉-၂၅၀၆၃၈၄၅၇၊ ၀၉-၈၈၂၂၂၆၆၄၃ နှင့် ၀၉-၈၈၂၂၂၆၆၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း လျောင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၉၉ ရက်မြောက်အဖြစ်ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း လျောင်ဘေးသင့်ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ(မနေသုခ- Export Quality)၊ ဆန်ငါးပြည်ပါ(ဖျာပုံပေါ်ဆန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးတံခွန်၊ ငါးပုတ်သင်၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ငါးရောင်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက်တို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့်နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၄ ရက်တွင် စစ်ကိုင်းမြို့အတွင်း လျောင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီနှင့်အသားတုတို့ကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင်လည်း လျောင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (မနေသုခ)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ခေါက်ဆွဲခြောက်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် စာရေးကိရိယာများနှင့် ပညာရေးငွေပဒေသာပင် အလှူငွေများလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် ဝါဆိုဦးအလှူအဖြစ် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် စာရေးကိရိယာများနှင့် ပညာရေးငွေပဒေသာပင် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အသင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံကျောင်း၌ ဝါဆိုဝါကပ်တော်မူကြသည့် စာသင်သား ရဟန်း သံဃာ ၁၁၇ ပါးအတွက် စာရေးကိရိယာများနှင့် ပညာရေးငွေပဒေသာပင်အလှူငွေကျပ် ၃၅ သိန်းကို တိပိဋက ယောဆရာတော်ကြီးထံ သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) မှ အတွင်းရေးမှူး ဦးစီးသောအဖွဲ့သည် ဇူလိုင်လ ၁၁ ရက်က ရန်ကင်းမြို့နယ်ရှိ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်အတွက် စာရေးကိရိယာများနှင့် ပညာရေးပဒေသာပင် အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ချယ်လ်ဆီးအသင်း ဖီဖာကလပ်ကမ္ဘာ့ဖလားဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၁၄**

ချယ်လ်ဆီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ဇူလိုင်လ ၁၄ ရက်နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြသည့် ဖီဖာကလပ်ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ချယ်လ်ဆီးအသင်းက ပီအက်စ်ဂျီအသင်းကို အနိုင်ရပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်၌ ချယ်လ်ဆီးအသင်းက ပထမပိုင်းတွင် ရရှိခဲ့သည့် သွင်းဂိုးများနှင့် ပီအက်စ်ဂျီအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးများကို ပထမပိုင်း ပွဲကစားချိန် ၂၂ မိနစ်နှင့်မိနစ် ၃၀ တို့တွင် ကိုးလ်ပယ်လ်မားက နှစ်ဂိုး၊ ၄၃ မိနစ်တွင် ဂျာအိုပက်ဒရိုက တစ်ဂိုး အသီးသီးသွင်းယူပေးခြင်းဖြစ်သည်။

ကိုးလ်ပယ်လ်မားသည် ယခုပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘောလုံးရာသီတစ်ရာသီအတွင်း ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲစဉ်စုစုပေါင်း ၅၂ ပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၁၈ ဂိုး၊ ဂိုးဖန်တီးမှု ၁၄ ကြိမ်ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပီအက်စ်ဂျီအသင်းကို အနိုင်ရကာ ဖီဖာကလပ်ကမ္ဘာ့ဖလားကို ပထမဆုံး အကြိမ်ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းမှာ ချယ်လ်ဆီးအသင်းနှင့်ပွဲစဉ်တွင် ချေပဂိုးပြန်လည်ရရှိရေးကြိုးပမ်းစဉ် ပွဲကစားချိန် ၈၅ မိနစ်တွင် ဂျာအိုနီဗက်စ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရ၍တစ်ယောက်လျော့ဖြင့် ကစားခဲ့ရခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ဩဂုတ်လ ၁၃ ရက်တွင် ယူရိုပါလိဂ်ချန်ပီယံ စပါးအသင်းနှင့်ယူအီး အက်ဖ်အေစူပါဖလားလုပွဲယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်းသိရသည်။ **ငွေကြယ်**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၁၂ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၌ တရားမဝင် အခြားသစ် (၃ ဒသမ ၉၈၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၁၂ ရက်နှင့် ၁၃ ရက်**တို့တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊ ရဲသာယာယီ






ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၆၁၁၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၆၁၁၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၄ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်ရှိ ဇက်ဆိပ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇူလိုင်လ ၁၃ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၇)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄၃)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၄၉၃၆၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်လေလံရောင်းချခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာန အရန်မီးစက်ဌာနခွဲမှ အသုံးပြု၍မရတော့သည့် မီးစက်အပျက်အဟောင်း(၂)လုံးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်။
၂။ လေလံပုံစံများနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၁၆-၇-၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။
၃။ လေလံပိတ်ရက်မှာ (၃၀-၇-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရွေးချယ်ရေးအဖွဲ့**

### ဖခင်အမည်မှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က (အေလ၁)၊ Grade-12(A) တွင် ပညာသင်ကြားနေသော မသဲစုမွန်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ၉/လဝန(နိုင်)၁၄၁၃၇၄ ဖြစ်ပါကြောင်း။ **ဦးတင်မောင်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 သင်ဆဲမှ မအိမြတ်ဖူးခိုင်၏မိခင် မနိုဘယ်နှင့် မနန်းအိဇာဇာဝင်း ၉/ဖယသ (နိုင်)၀၂၆၂၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မနိုဘယ်(ခ)မနန်းဇာဇာဝင်း**

## ဒုတိယရဲမှူးကြီးအောင်ဇော်မြင့်
## နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး(မြန်မာနိုင်ငံရဲတပ်ဖွဲ့)
## စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)
## အသက်(၅၅)နှစ်

မုဒုံမြို့နေ (ဦးကံမြင့်+ဒေါ်တင်တင်လှ)တို့၏သားကြီး၊ (ဦးဝင်းမြင့်+ဒေါ်မြင့်မြင့်)တို့၏သားသမက်၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နေ ဒေါ်မိုးမိုးစီ၏ချစ်လှစွာသောခင်ပွန်း၊ မအိမ့်ချစ်မှူး၊ မဆုပိုင်မှူးတို့၏ချစ်လှစွာသောဖခင်၊ ဦးမျိုးဇော်မြင့်+ဒေါ်မြတ်မြတ်စိုးတို့၏အစ်ကို ဒုတိယရဲမှူးကြီးအောင်ဇော်မြင့်သည် ၁၃-၇-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁:၂၅ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၅ ရက်(အင်္ဂါနေ့)နံနက် ၁၀:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်ငြိမ်းအေးဇရပ်မှတရားနာပြီး နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၂၅ ရက်(စနေနေ့)နံနက်ပိုင်းတွင် အိမ်အမှတ်(၂၅၃)၊ ရန်ကုန်(၁)လမ်း၊ ဆင်ဖြူရှင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေသို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### မွေးသက္ကရာဇ်အမှန်
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-12 မှ မချစ်စနိုးဦး၏မွေးသက္ကရာဇ်အမှန်မှာ ၂၀-၇-၂၀၀၇ ဖြစ်ပါကြောင်း။
၂၀-၇-၂၀၀၇

### ပျောက်ဆုံးကြောင်း
မအက်စ်မား Esmas(ဘ)ဦးခင်မောင်မြင့် ၅/မတန(နိုင်)၀၅၇၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၈၆၅၁၆၄၁**

### ပျောက်ဆုံးကြောင်း
မြင့်ဝေ(ဘ)ဦးစံမောင် ၁၁/တကန(နိုင်)၀၀၀၃၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဒေါ်ခိုင်မဲ(ဘ)ဦးဆေးဒေဆိုင် ၁၃/ကခန(နိုင်)၁၃၂၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
စသဲဗိုလ်ဗိုလ်အောင်(ဘ)ဦးဝင်းညွန့် ၁၂/ကမန(နိုင်)၀၈၀၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ယမင်းထက်ထက်(ဘ)ဦးဇော်မင်းနောင် ၇/ဝမန(နိုင်)၁၆၅၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၈၀၁၈၂၁**

### ဖခင်အမည်ပြောင်း
ပဲခူးမြို့၊ အ.ထ.က(၂)ကျောင်း၊ Grade-12 မှ မထက်ထက်လှိုင်၏ဖခင် ဦးသက်အား ဦးကိုသက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**ဦးကိုသက်**

### ဖခင်အမည်ပြောင်း
ပဲခူးမြို့၊ အ.ထ.က(၂)ကျောင်း၊ Grade-12 မှ မအေးပြည့်ပြည့်အောင်၏ဖခင် ဦးအောင်ကိုလတ်အား ဦးအေးဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**ဦးအေးဟန်**

### ပျောက်ဆုံးကြောင်း
ခင်မောင်တိုး(ဘ)ဦးသိန်းတန် ၁၂/တကန(နိုင်)၁၇၇၅၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၅၄၆၇၃၆

### ပျောက်ဆုံးကြောင်း
ကျော်သူရ(ဘ)ဦးကျော်လွင် ၇/ညလပ(နိုင်)၁၇၁၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၅၈၇၇၅၃၃**

### ပျောက်ဆုံးကြောင်း
ဖြိုးဝေမောင်(ဘ)ဦးအေးမောင် ၁၂/ရကန(နိုင်)၀၉၀၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
နန့်ဝင်းစန္ဒာ(ဘ)ဦးကျော်စု ၁၄/အမန(နိုင်)၂၄၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၁၅၁၇၆၀၂**

### ပျောက်ဆုံးကြောင်း
နှင်းကြည်ပြာနွေး(ဘ)ဦးစောမြင့် ၁၁/သတန(နိုင်)၀၈၈၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
နန်းမူယာအောင်(ဘ)အောင်ကျော်စိန် ၁၀/မလမ(နိုင်)၂၁၆၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၇၇၀၂၁၁၁**

### ပျောက်ဆုံးကြောင်း
ကိုနောင်နောင်ဝင်း(ဘ)ဦးမောင်လှ ၅/မရန(နိုင်)၂၀၃၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၃၂၀၃၃၃၃**

### ပျောက်ဆုံးကြောင်း
အိအိဖြိုး(ဘ)ဦးဖြိုးအောင် ၉/မခန(နိုင်)၂၂၃၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ဖခင်အမည်မှန်
ဘားအံမြို့၊ အ.ထ.က(၃)၊ Grade-12(D)မှ စောအောင်ဖြိုးဝေ ၃/ဘအန(နိုင်)၅၅၃၇၀၆ ၏ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၃/ဘအန(နိုင်)၁၂၇၃၁၆ ဖြစ်ပါကြောင်း။
**ဦးဝင်းနိုင်**

### ပျောက်ဆုံးကြောင်း
ဇော်ဇော်မင်း(ဘ)ဦးဝင်းမောင် ၉/နထက(နိုင်)၁၄၉၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
စိုးမင်းခန့်(ဘ)ဦးဖြူတင်အောင် ၁၁/ရဖန(နိုင်)၀၈၃၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
မဂျီးတောင်(ဘ)ဦးဂမ်ဖန်(ခ)လရှမ်းဂမ်ဂျာ ၁/မစန(နိုင်)၀၄၈၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ရဲမင်းထွန်း(ဘ)ဦးစိန်ဝင်း ၁၂/တမန(နိုင်)၁၂၁၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ဖိုးလပြည့်(ဘ)ဦးထွန်းဝင်း ၅/ဒပယ(နိုင်)၁၅၀၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
သဇင်အေး(ဘ)ဦးဝင်းရွှေ ၇/ကဝန(နိုင်)၁၇၃၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အေးအေးဝင်း(ဘ)ဦးအေး ၁၂/အစန(နိုင်)၁၆၈၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၆၀၈၄၅၉၈**

### ပျောက်ဆုံးကြောင်း
သန်းစော(ဘ)ဦးရွှေသော်ဇံ ၁၁/စတန(နိုင်)၀၂၅၁၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၄၃၅၂၀၀၀**

### ပျောက်ဆုံးကြောင်း
မြတ်လေးနွယ်(ဘ)ဦးချစ်မောင် ၁၂/စခန(နိုင်)၀၃၃၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၃၀၂၆၁၇၉၉၆**

### ပျောက်ဆုံးကြောင်း
အုန်းခိုင်(ဘ)ဦးခင်မောင်အေး ၁၂/လမန(နိုင်)၀၉၈၃၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 198919)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဝါဝါမိုး(ဘ)ဦးအုန်းရွှေ ၁၂/ပဘတ(နိုင်)၀၀၆၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 198915)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ခင်မြတ်သူ(ဘ)ဦးကျန်အေး ၈/မကန(နိုင်)၂၂၃၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၄၃၅၂၀၀၀**

### ပျောက်ဆုံးကြောင်း
ဟန်ဆွေ(ဘ)ဦးအောင်သန်း ၁၂/လကန(နိုင်)၀၁၂၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
တင်မျိုးမျိုးခိုင်(ဘ)ဦးလှတင် ၁၄/ပသရ(နိုင်)၀၈၂၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၄၀၀၄၅၆၅**

### ပျောက်ဆုံးကြောင်း
ယောသပ်(ဘ)ဦးဆောမနား ၄/ကပလ(နိုင်)၀၁၀၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၆၈၉၇၄၅**

### ပျောက်ဆုံးကြောင်း
ချိုဝေလွင်(ဘ)ဦးတင်မြင့် ၁၂/လမန(နိုင်)၁၁၇၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၉၉၉၁၇၇၁**

### ပျောက်ဆုံးကြောင်း
ယဉ်ယဉ်မေ(ဘ)ဦးဒီဘိုး ၁၂/ဒဂမ(နိုင်)၀၀၇၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၁၂၅၇၀၃၀**

### ပျောက်ဆုံးကြောင်း
စိုးဝင်း(ဘ)ဦးအဗ္ဗဒူဂျဘား ၁၂/ဗဟန(နိုင်)၀၈၅၁၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၆၃၇၈၆၆၃**

### ပျောက်ဆုံးကြောင်း
ထွန်းကျော်(ဘ)ဦးဘိုးလုံ ၁၂/မရက(နိုင်)၀၁၀၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၂၁၃၂၃၁၁**

### ပျောက်ဆုံးကြောင်း
နော်ခရစ်ပေပယ်(ဘ)စောသာစေး ၁၂/တတန(နိုင်)၂၃၆၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၆၅၅၇၄၄**

### ပျောက်ဆုံးကြောင်း
ဇော်ဝင်းထိုက်(ဘ)ဦးသန်းဦး ၁၂/အစန(နိုင်)၂၀၅၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၈၀၃၃၄၄၉**

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း
ဖြူဖြူဝင်း(ဘ)ဦးမင်းစိန် ၁၂/တတန(နိုင်)၁၆၂၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၃၅၈၁၈၆၉**

### ပျောက်ဆုံးကြောင်း
သက်နှင်းစံ(ဘ)ဦးစံညွန့် ၁၁/တကန(နိုင်)၀၉၉၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၈၀၄၂၆၆၇**

### ပျောက်ဆုံးကြောင်း
ငွေဝင်း(ဘ)ဦးညွန့်မောင် ၇/ဖမန(နိုင်)၀၄၂၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၅၀၀၁၅၆၃**

### ပျောက်ဆုံးကြောင်း
အောင်လှ(ဘ)ဦးအင်တင် ၁၂/ဗဟန(နိုင်)၀၇၃၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၄၂၁၁၃

### အမည်ပြောင်း
အဘ ဦးငြိမ်းမြတ် ၈/တတက(နိုင်)၀၉၈၂၃၃ ၏သား အထက(ဘီးလင်း)ကျောင်း၊ Grade-3 မှ မောင်ထက်ကောင်းခန့်အား မောင်ဟိန်းထက်အောင်ဟုလည်းကောင်း၊ Grade-1 မှ မောင်ကောင်းရှင်းသန့်အား မောင်ကျော်မင်းစံဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ဟိန်းထက်အောင်၊ မောင်ကျော်မင်းစံ**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ မျိုးကျော်သူ(ဘ)ဦးစံအောင် ၇/ဝမန(နိုင်)၁၂၅၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မေစန္ဒာကျော်(ဘ)ဦးလှမောင် ၁၁/စတန(နိုင်)၁၄၃၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 219069)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၃၂၇၃၂၃၀**

### ပျောက်ဆုံးကြောင်း
နိုင်လင်းထွေး(ဘ)ဦးတင်ရွှေ ၁၂/ကတန(နိုင်)၁၃၆၃၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၈၅၃၁၂၇၂**

### ပျောက်ဆုံးကြောင်း
လှမျိုးဇော်(ဘ)ဦးဇော်မြင့် ၁၂/ရကန(နိုင်)၁၃၅၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၉၆၁၀၄**

### ပျောက်ဆုံးကြောင်း
ဦးမောင်ထွေး(ဘ)ဦးသိန်းဝင်း ၇/ညလပ(နိုင်)၁၁၄၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
တင်တင်ထွေး(ဘ)ဦးလှဖေ ၁၂/မရက(နိုင်)၀၁၀၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၃၃၆၃၅၇၀**

### ပျောက်ဆုံးကြောင်း
ရီရီတင်(ဘ)ဦးတင်အောင် ၁၂/ဗတထ(နိုင်)၀၀၉၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 442183)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဇင်မင်းပိုင်(ဘ)ဦးမြင့်ထွေး ၁၄/ပေတ(နိုင်)၂၄၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၁၁၀၂၅၁**

### မိခင်အမည်မှန်
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-12 မှ မရတနာအောင်၏မိခင်အမည်မှန်မှာ ဒေါ်နော်မူမူ ၁၀/သထန(နိုင်)၁၀၃၉၉၆ ဖြစ်ပါကြောင်း။
**ဒေါ်နော်မူမူ**

### ပျောက်ဆုံးကြောင်း
ကျိုက်ထိုမြို့၊ ဖက္ကလိပ်ကျေးရွာနေ မောင်ဇော်သူထိုက်(ဘ)ဦးမောင်ကြီး ၁၀/ကထန(နိုင်)၁၀၂၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 738359)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၀၇၃၁၈၆၉**

### ပျောက်ဆုံးကြောင်း
ရေတာရှည်မြို့နေ ငွေငွေလှိုင်(ဘ)ဦးနေထွန်း ၇/ရတရ(နိုင်)၁၃၀၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့နယ်၊ ညောင်ပင်သာရွာနေ သပြေ(ဘ)ဦးသက်နိုင် ၇/ညလပ(နိုင်)၂၁၈၂၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 636378)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ထန်းတပင်မြို့နယ်၊ အောင်သုခရပ်ကွက်နေ ပိုင်ဆက်သော်(ဘ)ဦးတင်အေး ၇/ထတပ(နိုင်)၀၈၈၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ၂၀၂၀ ခုနှစ် Insolvency Law အရ
### ASIA 3 LINK TRADING COMPANY LIMITED
### (အစုရှင်များ၏ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ)
### (Section 147 of Insolvency Law & Rules 9 & 15 (b)of Insolvency Rules)

၁။ ASIA 3 LINK TRADING COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄-၇-၂၀၂၅)နေ့တွင်ကျင်းပသော သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်(၁၉၅)၊ မြသီတာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာမြမာလာအေး နိုင်ငံသားစိစစ်ရေးအမှတ် ၁၂/လသန(နိုင်)၀၀၅၁၈၂ အားခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်-ရရန်ရှိသည်များကို တစ်လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါက်တာမြမာလာအေး(တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၂)ထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါက်တာမြမာလာအေး** | **ဦးစိုးမြင့်အောင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၂)** | **ဒါရိုက်တာ** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | |

### ပျောက်ဆုံးကြောင်း
အေးစန္ဒာလှိုင်(ဘ)ဦးမောင်အေးလှ ၁၁/စတန(နိုင်)၀၈၈၀၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၀၈၂၃၂၉**


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၃၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
DOUBLE ELEPHANT PORTLAND CEMENT
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ PORTLAND CEMENT
ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်...**

**❖ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင် မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု၊ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ် . . .**


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ပိုမိုအားကောင်းလာပြီး ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) အဖြစ်သို့ရောက်ရှိခဲ့ကာ နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)






## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင်လ ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိသည်။

ယနေ့ညနေ ၃ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း၊

**စာမျက်နှာ ၂၇ ကော်လံ ၁ ❐**

**တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၂၉ သို့




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ပုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု